# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၇၆) ၊ ၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၁ ရက် ၊ ၁၃-၂-၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့။

# ကံကောင်းလိုလျှင် ကောင်းသောအလုပ်ကို လုပ်ကြရမည်

လောကတွင် လူသားတိုင်း ဘဝရပ်တည်မှု အဆင်ပြေစေရန် ကံ၊ ဉာဏ်၊ ဝီရိယ၊ သတိတို့ လိုအပ်မည်ဖြစ်သည်။ လူတိုင်း ကြုံတွေ့ရမည့် အရာများကို အမှား၊ အမှန် အကောင်းအဆိုး၊ အကျိုးအပြစ်တို့ သိရှိရန် အသိဉာဏ်လိုအပ်သည်။ "သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့ အုပ်"နိုင်ရန် အရေးကြီးမည်လည်းဖြစ်သည်။ ဉာဏ်ထက်သူက အရာရာတွင် သာလွန်စမြဲဖြစ်သည်။ ဉာဏ်ပညာတွင် အသိပညာရော အတတ်ပညာပါ အကျုံးဝင်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး ဉာဏ်ထက်မြက်မှုခြင်း မတူနိုင်ပါ။ သို့သော် ကြိုးစားမှတ်သားလျှင် အများသူငါနှင့် ဉာဏ်ပညာချင်းယှဉ်နိုင်ပါသည်။ ထိုနည်းတူပင် အရာရာအောင်မြင်မှုအတွက် ဝီရိယသည်လည်း အရေးပါလှသည်။

"ဉာဏ်ပင်ရှိသော်လည်း ဝီရိယကူရမည်"ဟူသော စကားလည်း ရှိပြန်သည်။ ဉာဏ်ကောင်းနေရုံဖြင့် မပြီး လုံ့လဝီရိယရှိရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် သတိတရားနှင့် ပတ်သက်လျှင်လည်း လေ့ကျင့်ယူပါက အများနည်းတူ ဖြစ်လာနိုင်သည်။

"သဗ္ဗေသတ္တာ ကံမ္မသကာ"ဟူ၍ ဗုဒ္ဓဘုရားက ဟောတော်မူခဲ့သည်။ သတ္တဝါမှန်သမျှ ကံစီမံရာအတိုင်းပင်ဖြစ်ကြရသည်။ ကံဟူသော စကားသည်လည်း ပါဠိစကား ကမ္မမှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ အလုပ်ဟုလည်း အဓိပ္ပာယ်ရသည်။ ကိုယ်လုပ်ခဲ့သမျှ အလုပ်နှင့် တူညီသော အကျိုးကို ကိုယ်တိုင်ခံစားရမည်ဟူသော သဘောပင်ဖြစ်သည်။ လူ့လောကတွင် ကံ၊ ဉာဏ်၊ ဝီရိယတို့၏ အင်အားကြောင့် စားဝတ်နေရေးတည်းဟူသော ဘဝပြဿနာကို ပြေလည်အောင် ဖြေရှင်းလုပ်ဆောင်နိုင်ကြသည်သာဖြစ်သည်။ ထိုအင်အား သုံးရပ်တွင် ဉာဏ်နှင့် ဝီရိယကို သင်ယူကြိုးစား လုပ်ဆောင်၍ ရယူနိုင်ပါသည်။ ကံကိုမူကား သင်ယူကြိုးစား၍ မရပါ။ ထို့ကြောင့် ကံက လောကလူသားတို့ဘဝများကို ရှေ့ဆောင်ကာ စီမံလျက်ရှိသည်။ "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ"ဟု ဆိုပါက မှားမည်မထင်ပါ။ "ကံထမ်းလာတာမမြင်ရ၊ လုံ့ထမ်းလာတာသာမြင်ရသည်"ဟူသော စကားအတိုင်းပင် ကံချင်းယှဉ်၍ မရနိုင်ပါ။ အတိတ်ကံကောင်းသောသူသည် ဆေးစက်ကျရာ အရုပ်ထင်သူများဖြစ်သည်။ အတူတူသွားလာနေထိုင်လုပ်ကိုင်ပါလျက် ကံကောင်းသူက အဖက်ဖက်က အဆင်ပြေသောအခြေအနေသို့ ရောက်ရှိတတ်သည်။ ထို့ကြောင့် ကံတရားသည် လောကလူသားတို့၏ ဘဝကို ကွာခြားစေသော အခြေခံအကြောင်းတစ်ရပ်ဖြစ်သည့် လုပ်ငန်းချင်းတူသော်လည်း ကံကောင်းသူက လုပ်သမျှ အဆင်ပြေတတ်သည်။ သို့သော် ကံကောင်းလိုလျှင် ကောင်းသောအလုပ်ကိုဖြင့် ရွေးချယ်လုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကံဟူသည် အတိတ်ကပြုခဲ့သော ကောင်းမှုအကျိုးဆက်ဖြစ်သည်။ ကံချင်းယှဉ်၍မရ။ ယခုဘဝ ကံကောင်းနေသူသည် အတိတ်ဘဝက ကောင်းမှုပြုခဲ့သူဖြစ်သည်။ ယခုဘဝ ကောင်းမှုပြုမှ နောင်ဘဝတွင် ကောင်းသော ကံအကျိုးပေးမည်ဖြစ်သည်။ ယခုပစ္စုပ္ပန်ဘဝတွင် ကောင်းမှုပြုသူသည် လက်ရှိအခြေအနေတွင်လည်း တိုးတက်အောင်မြင်မှုရရှိပြီး အနာဂတ်ဘဝအတွက်ပါ အထောက်အပံ့ကောင်းမည့် ကံကြမ္မာကို ပိုင်ဆိုင်မည်ဖြစ်ရာ ကံကောင်းလိုလျှင် ကောင်းသောအလုပ်ကို လုပ်ကြရမည်ဖြစ်သည်။ ကောင်းသောအလုပ်ကို ပြုသူတိုင်းကို ကံကြမ္မာက မျက်နှာပေးမည်လည်းဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ကံကောင်းစေရန်အတွက် ဖြူစင်မွန်မြတ်သော စိတ်ကို မွေးမြူပြီး ကောင်းသောအလုပ်ကို လုပ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀



## မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေကျောင်းတော်ကြီးတို့တွင် မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ် ပြုလုပ်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မြန်မာ့သနပ်ခါးကို ကမ္ဘာက သိရှိအောင် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ဆောင်ရွက်နေခြင်း အတွက် အထောက်အပံ့ဖြစ်စေရန် နှင့် တပို့တွဲလပြည့်နေ့ ဖေဖော်ဝါရီ ၁၂ ရက်သည် မြန်မာ့သနပ်ခါးနေ့ ဖြစ်သောကြောင့် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေကျောင်းတော်ကြီးတို့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ်ပြုလုပ်ခဲ့သည်။

ကျောက်ပြင်၊ သနပ်ခါးနှင့် မှန်များစီစဉ်ထားရှိပြီး ရောက်ရှိလာသူများအား သနပ်ခါးလိမ်းစေခြင်း နှင့် သနပ်ခါးသုံးစွဲရသည့် သဘောထားစစ်တမ်းကောက်ယူမှု QR Code ကို Scan ဖတ်စေ၍ ၎င်းတို့၏ သနပ်ခါးနေ့စဉ် သုံးစွဲရခြင်း အကြောင်းတို့ကို ၎င်းတို့၏ သဘောထားစစ်တမ်းများ ဖြည့်စွက်ရန် ဆောင်ရွက်ခဲ့ကြောင်းနှင့် ယင်းဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။ (အပေါ်ပုံ)

သနပ်ခါးလိမ်းကျံခြင်းသည် မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက အမျိုးသမီးများအနေဖြင့် အလှအပ ရေးရာအတွက် လိမ်းကျံခြင်းနှင့် ကျန်းမာရေးအတွက် ဆေးအဖြစ်ယနေ့တိုင် အသုံးပြုခဲ့ကြရာ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်ပြီး အများပြည်သူ၏ သဘောထားစစ်တမ်း ကောက်ယူမှုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

"မြန်မာ့အတာသင်္ကြန်ပွဲတော်ကို UNESCO အသိအမှတ်ပြုမှုရခဲ့သလို ရှေးရှေးကတည်းက သုံးစွဲခဲ့တဲ့ မြန်မာ့သနပ်ခါးလည်း UNESCO အသိအမှတ်ပြုအောင် လုပ်နေတာ သိရလို့ ထောက်ခံကြိုဆိုပါတယ်။ ကျွန်မဆိုရင် သနပ်ခါးကို မနက်မိုးလင်းတာနဲ့ လိမ်းတယ်။ မြန်မာ့ယဉ်ကျေးမှုလည်းဖြစ်ပြီး အလှအပအတွက်ရော၊ ကျန်းမာရေးအတွက် ဆေးဖက်ဝင်တယ်ဆိုတာ အားလုံးသိကြတယ်"ဟု မန္တလေးမြို့မှ ဒေါ်အိဖြိုးဝေက ပြောသည်။

သနပ်ခါးကို UNESCO မှ အသိအမှတ်ပြုရေးဆောင်ရွက်ရန် အများပြည်သူ ပူးပေါင်းပါဝင်ကြောင်းနှင့် သနပ်ခါးသုံးစွဲမှုနှင့် ပတ်သက်၍ မိမိတို့၏ သဘောထားများဖြည့်ဆည်းရာ၌ သနပ်ခါးသုံးစွဲသည့် အကြောင်းအရင်းဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ အများပြည်သူမှ ပူးပေါင်းပါဝင်ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

## အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်

**တံတားဦး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းမှန်ကန်စေရေး အတွက် မြေပြင်ကွင်းဆင်းစိစစ်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက တံတားဦးမြို့နယ် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့တွင် မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



(အောက်ပုံ)

အဆိုပါ မြေပြင်စာရင်းကောက်ယူရာတွင် ခရိုင်မြေပြင်ကွင်းဆင်းကောက်ယူရေးတွဲဖက်အတွင်းရေးမှူး ဦးသန်းနိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အတွင်းရေးမှူး ဦးတင်စိုးတို့၏ ဦးဆောင်မှုဖြင့် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်းဖြည့်သွင်းခြင်း၊ သေဆုံးစာရင်းအတည်ပြုခြင်း၊ မြေပြင်တွင် အမှန်တကယ် နေထိုင်မှုမရှိသူများအား စိစစ်ခြင်း၊ စာရင်းတွင် မပါဝင်သည့် လက်မှတ်မှ ကိုင်ဆောင်ခြင်း မရှိသူများအား ပန်းခင်းစီမံချက် အဆင့်-၃ အရ အိမ်ထောင်စုနှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အတွက် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ် လ·ဝ·က ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများ အလိုက် မြေပြင်ကွင်းဆင်းကောက်ယူနေခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက်မှ စတင်၍ ကောက်ယူလျက်ရှိကြောင်း သိရသည်။

ဦးရဲတင့်(ပြန်/ဆက်)

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ပွဲ ကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အိုးဘိုရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ဂုဏ်ပြုရဲတပ်ဖွဲ့က ဦးဆောင်ကာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးအောင်မင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၇၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCAစာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာ ဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ အတွင်းရေးမှူးနှင့်ဇနီးတို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

စာမျက်နှာ ၄ သို့



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

စာမျက်နှာ ၃ မှ

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေ တင်ဆက်ကြသည်။

### ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ငြိမ်းချမ်းတမန် ဖိတ်ခေါ်သံ" ဂုဏ်ပြုတေးဂီတကဇာတ်ဖြင့် လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့တို့က တိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စုတိုင်းရင်းသားတို့မြေ" ယိမ်းအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ အငြိမ်းစားတပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာ ဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

○ စာမျက်နှာ ၂၄ မှ

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနု ရက္ခိတ တရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသား အားလုံး တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်း သားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးဟူ သည့် အမျိုးသားရေးဦးတည်ချက်(၅) ရပ် ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်း ဖြစ်သည်။

ဦးစွာ (၇၈)နှစ်မြောက် ပြည်ထောင်စု နေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်း သား တိုင်းရင်းသူများနှင့်အတူ အလံတင် တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံကို လွှင့်တင်သည်။

**ချီတက်နေရာယူ**

ထို့နောက် နိုင်ငံတော်အလံအလေး ပြုပွဲအခမ်းအနားသို့ တက်ရောက်အလေး ပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ သည် နံနက် ၅ နာရီမှစတင်၍ အခမ်း အနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်း အနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြု တပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ သည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်သို့ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**အခမ်းအနားကို ရုပ်သိမ်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်း အနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည် တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**



တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများ နိုင်ငံတော်အလံကို အလေးပြုကြစဉ်။



# ယခုနှစ် ဆောင်းရာသီ စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဆောင်းရာသီစိုက်ပျိုးသော ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် နှစ်စဉ် လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် ကုလားပဲစိုက်ပျိုးပါတယ်။ အရင်နှစ်က တစ်ဧက ၂၂ တင်းကျော် ထွက်ရှိပြီး ဈေးကောင်းရရှိခဲ့ပါတယ်။ ဒီနှစ် ကုလားပဲ ၃ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေပါတယ်။ စိုက်ပျိုးရာမှာ မြို့နယ်စိုက်ပျိုးရေးပညာရှင်များက စိုက်နည်းစနစ်မှန်ကန်ဖို့နဲ့ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ စိုက်ခင်းအထိလာရောက် အသိပညာပေးပါတယ်"ဟု မန်ကျည်းအင်းကျေးရွာနေ ကုလားပဲ စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းရာသီ၌ ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် မတ်ပဲ ၁၁၇၂၇ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ ကုလားပဲ ၂၄၁ ဧက၊ စားတော်ပဲ ၇၃၃၇ ဧက၊ စွန်တာပြာ ၂၁၃၂ ဧက၊ ပဲရာဇာ ၄၅၁ ဧက စုစုပေါင်း ၂၁၉၀၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၄၈၀)

# စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်




စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ မဲခွဲပွဲကို ယနေ့ ပြုလုပ်ခဲ့ရာ ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဆိုစီဒက်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း တို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်ကို နှစ်ကျော့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပထမအကျော့ကို ဖေဖော်ဝါရီ ၂၆ ရက်၊ ဒုတိယအကျော့ကို ဧပြီ ၂ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆက်လက်ကျင်းပ စိတ်အေးချမ်းသာစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိ




ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့တွင် ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်များ အရောင်းပြခန်းသို့ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာ ကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် ပွဲတော်၏ တတိယနေ့သို့ ရောက်ရှိလာခဲ့သည့်အပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် စည်းလုံးညီညွတ်မှု အနှစ်သာရများစွာဖြင့် ပြည့်စုံလှသည့် ပြည်ထောင်စုနေ့ အခါသမယနှင့် အများပြည်သူရုံးပိတ်ရက် ဖြစ်သည့်အတွက် ယခင်ရက်များနှင့်မတူ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ကျင်းပသည့် ပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တဖွဲဖွဲလာရောက်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများကလည်း မိဘပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဆင်နွှဲနိုင်ရန်အတွက် ပွဲတော်ဝင်ပေါက်နေရာများတွင် လုံခြုံရေးအရစစ်ဆေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

ယနေ့ပြပွဲ၏ ထူးခြားမှုအနေဖြင့် ပွဲတော်အတွင်း ပြသထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ရိုးရာအစားအသောက်များ၊ အထင်ကရနေရာပြခန်း၊ ပြကွက်များကို အသိပညာ ဗဟုသုတရရှိစေရန် လာရောက် လေ့လာကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအပြင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင်MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ စိတ်ဝင်စားစွာ လာရောက်လေ့လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

အဆိုပါ လုပ်ငန်းရှင်များအား ပြခန်းအလိုက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ ပြည်ပဈေးကွက်များသို့ မိမိတို့ လုပ်ကိုင်နေသည့်လုပ်ငန်းများ အလိုက်လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များ အတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပပို့ ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်တော့မည်လည်း ဖြစ်သည်။

အလားတူ နိုင်ငံတော်တွင် လိုအပ်နေသည့် MSME ကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ရန်နှင့် ကျေးလက်နေ လူငယ်များ စက်မှုနှင့်သက်မွေးပညာကို အခြေခံသင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေသည့် အချိန်တွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းကျောင်းပြခန်းဖွင့်လှစ်ပြသပေးလျက်ရှိရာ စက်မှုနှင့် သက်မွေးပညာရပ်ကို စိတ်ဝင်စားကြသည့် လူငယ်များစွာ လာရောက်လေ့လာကြပြီး တာဝန်ရှိသူများက သင်တန်းကျောင်းတွင် သင်ကြားပေးလျက်ရှိသည့် အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနှင့် အခြေခံမော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြောကြားပေးခဲ့ကြသည်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့တွင် လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့ပြင်ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ပြခန်းများ၌လည်း အထူးပျော်ရွှင်စရာ အစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဓာတိမာန်ကို တက်ကြွစေမည့် သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ် မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကို စိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာ ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည့်အတွက် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဓာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာ ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရောင်းချပွဲသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေး ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကို လည်း တွေ့ရှိရသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ မိဘပြည်သူများ လာရောက်အားပေး လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်း- အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ -ဖိုးပြည့်စုံ



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့တွင် လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်အမှတ်ပေးဒိုင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပျိုးဥယျာဉ်လုပ်ငန်းရှင်များ၊ ပန်းပညာရှင်များ၊ ပြိုင်ပွဲဝင် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားအကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီးနောက် ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများ၊ ပညာပေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲ ခင်းကျင်းပြသထားသည့် ပန်းမန်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အလှပန်းခင်းများအား လိုက်လံကြည့်ရှုကြသည်။

ငှင်းနောက် (၂၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဗဟိုမဏ္ဍပ်တွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများက ပန်းတိုင်းပွင့်ပြီ မြန်မာပြည်အကဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ပွဲဗိုင်းကော့ယာလှမ်းအကဖြင့်လည်းကောင်း၊ ကချင်စာပေနှင့်ယဉ်ကျေးမှုအသင်း(မန္တလေး)မှ Karai Jaw Ai Mungdan အကဖြင့်လည်းကောင်း ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုပြီး ရည်ရွယ်ချက် ၅ ရပ်ဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များအပြင် အခြားတိုင်းဒေသကြီးမှ ပျိုးဥယျာဉ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ပန်းပညာရှင်များ ပါဝင်ယှဉ်ပြိုင်ကြသည်ကို မြင်တွေ့ရပါကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း အခန်းကဏ္ဍများ မြှင့်တင်ဆောင်ရွက်ရေးအတွက် MSME ပြခန်းများကို ထည့်သွင်းပြသထားပါကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ဖလှယ်နိုင်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းနှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် မြို့ပေါ်ရှိ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များအတွင်းမှာလည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ငှင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ သဘာဝတရား၊ လူ့ဘောင် အကျိုးကျေးဇူး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးထောက်ပံ့မှုနှင့်ပတ်သက်၍ အကျိုးကျေးဇူးများရရှိမှု၊ ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ မြမာလာဥယျာဉ်သစ်တစ်ခုအား ဖန်တီးဖွင့်လှစ်ပေးနိုင်ခဲ့မှု၊ ပြည်သူလူထု အနားဖြေရာ၊ ကျန်းမာရေးလေ့ကျင့်ခန်းများ စိတ်အေးချမ်းသာယာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နေမှုများနှင့် အစိမ်းရောင်မြို့တော် Green City အဖြစ် တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေမှုများနှင့် မန္တလေးမြို့ကြီး သာယာလှပရေးအတွက် အားလုံးကြိုးစားပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးဝင်းထိန်က ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ပန်းမန်ပြိုင်ပွဲအမျိုးအစား (၁၄) မျိုးနှင့် သစ်သီးဝလံပြိုင်ပွဲ အမျိုးအစား (၉)မျိုး စုစုပေါင်း အမျိုးအစား(၂၃)မျိုးပါဝင်ပြီး၊ ပြိုင်ပွဲဝင်ပစ္စည်း အမျိုးပေါင်း(၈၁၂)ထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြမှု၊ စနစ်တကျ အကဲဖြတ်အမှတ်ပေး စိစစ်ရွေးချယ်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ (ကတ်တလီးယား၊ စင်ဘီးဒီးယမ်းနှင့် ဗန်ဒါ)၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရာသီပန်းအလှပင်ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားဇောင်းပင်ပြိုင်ပွဲ၊ ဘွန်ဆိုင်းပင်ပြိုင်ပွဲ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်(အရွက်ပင်၊ အထုပ်ပင်၊ ဥ)ပြိုင်ပွဲ၊ သစ်သီးဝလံဥပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ၊ ဟင်းသီးအလုံးလိုက်ပြိုင်ပွဲ၊ ဟင်းသီးအသီးနှံ့အတွဲလိုက်ပြိုင်ပွဲ၊ သစ်သီးဝလံအခိုင်လိုက်၊ ပုံဖော်အလှဆင်ခြင်းပြိုင်ပွဲတို့မှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာပြခန်းများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကဆိုင်ရာပြခန်းများမှ လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ပြီးနောက် တံခွန်စိုက်ဆုရရှိသည့် ပြင်ဦးလွင်မြို့မှ မြတ်ပုဏ္ဏမီ သစ်ခွခြံလုပ်ငန်းရှင်အား တံခွန်စိုက်ဆု ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါသစ်ခွခြံမှာ ယခုအပါအဝင် တံခွန်စိုက်ဆု ၃ ကြိမ်ရရှိထားကြောင်း၊ ပြပွဲ၊ ပြိုင်ပွဲလာသူများအား အရိပ်ရပျိုးပင်များ အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

# ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ခုနှစ် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း ဥပစာရှေ့၌ ကျင်းပသည်။






ဦးစွာ နံနက် ၅နာရီ မိနစ် ၃၀ တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့သည်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အစီအစဉ်များအတိုင်း စင်မြင့်ထိပ်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ဆောင်ရွက်ပြီး အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင်(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို မန္တလာသီရိအားကစားကွင်းဥပစာရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၆၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းမှူးနှင့် စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အစီအစဉ်များအတိုင်း အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် အခမ်းအနားကို ရုပ်သိမ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသူများ၊ ပြည်ထောင်စုတိုင်းရင်းသား ညီနောင်သားချင်းများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့သည်။

ယနေ့ကျရောက်သည့်(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုတိုင်းရင်းသားများ၏ စတုဒိသာမဏ္ဍပ်များတွင် စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာဖြင့် ကျင်းပခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

သတင်း-စာမျက်နှာ ၇









Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ ကျောင်းသားများ လိုက်ပါလာသည့် ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများ၊ စာသင်ကျောင်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း စသည်ဖြင့် အဖျက်အမှောင့် လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။





မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့် ကျောင်းသား ခြောက်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ကျောင်းသားနှစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် မိုင်းစထိမှန်ခဲ့သည့် မော်တော်ယာဉ်အားတွေ့ရစဉ်။



မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့် ကျောင်းသားခြောက်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မြိတ်မြို့ တုံးဗျောကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာ တစ်ဦးနှင့် ကျောင်းသား ခြောက်ဦးတို့သည် စာမေးပွဲများ ဖြေဆိုရန်အတွက် လိုအပ်သည့် စာသင်ခုံများသယ်ယူရန် တောင်ဖီလာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ဖီလာ)သို့ ယာဉ်တစ်စီးဖြင့် ထွက်ခွာလာစဉ် တုံးဗျောကြီးကျေးရွာ၏ သုံးမိုင်ခန့် အကွာ တောင်ပုကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျောင်းသားများအနက် မောင်ထက်ရဲကိုနှင့် မောင်ထက်ရဲလင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသားနှစ်ဦးအား မြိတ်မြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စာစစ်ဌာနကျောင်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်၏ လမ်းညွှန်မှုဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စာစစ်ဌာန စာသင်ကျောင်းများသို့ ယမန်နေ့ နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးသက်နိုင်ဦးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အ-ထ-က စာစစ်ဌာန ကျောင်းနှင့်ဆတ်သွားစာစစ်ဌာနကျောင်းများသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ဆုံကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သော စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြသည်။


တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျန်ရှိသည့်တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စာစစ်ဌာနကျောင်းများသို့သွားရောက်၍ ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိသနိုးမြေ)

၀-၀-၀-၀-၀

၀-၀-၀



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "မိုးညိုသူလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှစ်ကွက်ကျေးရွာနေ မိုးသီတာအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Myo Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မျိုးယုမော်(ခ) သားသားအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aung Myo Thu20138" TikTok အကောင့်ပိုင်ရှင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်နေ အောင်မျိုးသူအား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Kh Ant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ဆက်နိုင်ထွန်း(ခ)ယုန်လေးအား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အသက်ပေး ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း၊ အကြမ်းဖက် သမားများကသာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မငဲ့ကွက်ဘဲ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက် မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# တိုင်းရင်းသားမျိုးနွယ်စုတို့၏ ပြည်ထောင်စုစိတ်ဓာတ်

**'လူမျိုး'ဆိုသည်မှာ သုခ၊ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးခြင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။'**

**ဗိုလ်ချုပ်အောင်ဆန်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြကာ တိုင်းရင်းသားမျိုးနွယ်စုတို့သည် ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝအနေအထား၊ နေထိုင်ရန်အရပ်ဒေသ၊ ရာသီဥတုတို့အပေါ် မူတည်၍ ခန္ဓာကိုယ်အသားအရေအရောင်၊ ပြောဆိုသုံးနှုန်းကြသည့် ဘာသာစကား၊ နေထိုင်စားသောက်မှု၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာ၊ ဓလေ့စရိုက်များ ကွဲပြားခြားနားကြပါသည်။ သို့သော် အာရှတိုက်အလယ်ပိုင်း ကုန်းမြေမြင့်မှာရှိသော မွန်ဂိုလူမျိုးများမှ ဆင်းသက်ပေါက်ဖွားလာကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသည့် သွေးသားရင်းချာ တစ်အူတုံ့ဆင်း၊ ညီရင်းအစ်ကို၊မောင်ရင်းနှမများဖြစ်ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံနှင့် တိုင်းရင်းသားမျိုးနွယ်စုများ ပေါင်းစပ်ဖွဲ့စည်းထားရာ ပင်မလူမျိုးကြီး ရှစ်မျိုးဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ခုတည်းအောက်မှာ တစ်သွေးတည်း၊ တစ်သားတည်း သွေးသားရင်းချာချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသူများဖြစ်ကြပါသည်။ တိုင်းရင်းသား မျိုးနွယ်စု အမည်နာမများ မည်မျှပင် ကွဲပြားခြားနားနေသော်လည်း အားလုံးမှာ ပြည်ထောင်စုမြန်မာနိုင်ငံသားများသာဖြစ်ကြပါသည်။

**ကချင်မျိုးနွယ်စု**

ကချင်လူမျိုးအများစုတို့နေထိုင်ရာ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းအရပ်တွင် တည်ရှိ၍ တော၊ တောင်များ ထူထပ်ပေါများလှပါသည်။ ကချင်လူမျိုးများသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က ကချင်ပြည်နယ်၊ မြောက်ဘက်တွင်ရှိသော ပူတာအိုခရိုင်အတွင်းမှ အဒ္ဒန်ဝမ်မြစ်ကမ်းပေါ်မှာရှိသော တဟောင်ဒမ်းကျေးရွာတွင်လည်းကောင်း၊ ထိုရွာအထက်နားမှာရှိသော အဒ္ဒန်လောင်းကျေးရွာတွင်လည်းကောင်း မှီတင်းနေထိုင်ခဲ့ကြ၏။

**ကယားမျိုးနွယ်စု**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာရှိသော ကယားပြည်နယ်မှ ကယား(ရှေးအခေါ်ကရင်နီ)တိုင်းရင်းသားအများစုတည်ရှိသော ကယားပြည်နယ်သည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် ရမည်းသင်းခရိုင်၊ ကရင်ပြည်နယ်၏ သံတောင်မြို့နယ်၊ တောင်ဘက်တွင် ကရင်ပြည်နယ်၏ သံလွင်ခရိုင်တို့ဖြင့် ဝန်းရံလျက်ရှိပါသည်။ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီးမော့ဆိုး၊ ဖရူဆိုး၊ ဖားဆောင်း၊ မယ်ဆည်နန်း၊ ရှားတောစသည့် မြို့နယ်များပါဝင်ပါသည်။

**ကရင်မျိုးနွယ်စု**

ရှေးအခါက မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြသော ပျူ၊ ကမ်းယံ၊ သတ်ဟူသည့် လူမျိုးသုံးမျိုးအနက် ကမ်းယံဟုခေါ်သော လူမျိုးအမည်မှ ကရင်ဟူသောအမည်သို့ ပြောင်းလဲခေါ်ဝေါ်လာသော အမည်ဖြစ်သည်ဟု ဆာအာသာဖယ်ယာ (Sir Arihur Phayre) က တင်ပြခဲ့ပါသည်။ ကရင်ဟူသော ဝေါဟာရသည် စဝ့ေါ်(စကေး)၊ ရှိ(ပိုး)ဘွဲ့ အမျိုးသားအပေါင်းတို့ကို ခြုံ၍ခေါ်သော အမည်ဖြစ်သည်။ ကရင်လူမျိုးများသည် ဘားအံ၊ ဖာပွန်၊ကြာအင်း၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ သံတောင်ဒေသများတွင် လူများစုအဖြစ် နေထိုင်ကြပါသည်။

**ချင်းမျိုးနွယ်စု**

ချင်းမျိုးနွယ်စုများကို ပထဝီဝင်အရ သုံးပိုင်းခွဲခြားထားပါသည်။ (၁) မြောက်ပိုင်းချင်း၊ ချင်းတောင်တန်းများ၌ နေထိုင်ကြသည့် ပင်ရင်းချင်းများ၊ (၂)အလယ်ပိုင်းချင်း၊ ရခိုင်ရိုးမမြောက်ပိုင်းနှင့် ပခုက္ကူခရိုင်အတွင်းရှိသော တောင်ကုန်းများတွင် နေထိုင်ကြသော ချင်းများ၊ (၃) တောင်ပိုင်းချင်း ရခိုင်ရိုးမတစ်ခုလုံးတွင် နေထိုင်ကြသော ချင်းများဖြစ်ကြပါသည်။

ချင်းလူမျိုးတို့ကို အခြေခံအားဖြင့် (၁)ကသည်းချင်း၊ (၂) မေထေးချင်း၊ (၃)ချင်းရိုးရိုးဟူ၍ ခွဲခြားထားသော်လည်း ဒေသစွဲကိုလိုက်၍ ဒေသအမည်ဖြင့် ခွဲခြားခေါ်ဝေါ်နေကြပါသည်။ တီးတိန်(တဲဒင်မ်)ချင်း၊ ဖလမ်းချင်း၊ ဟားခါးချင်း၊ မင်းတပ်ချင်း၊ မတူပီချင်း၊ ကန်ပက်လက်ချင်း၊ ပက်လက်ဝချင်းနှင့် မြေပြန့်ချင်းဟူ၍ အမည်အမျိုးမျိုးခေါ်ဝေါ်ကြသည်။

**မြန်မာ(ဗမာ)မျိုးနွယ်စု**

မြန်မာ(ဗမာ)လူမျိုးတို့သည် တိဗက်၊ တရုတ်ဘာသာစကားအနွယ်ကြီး၏ အနွယ်တစ်ခုဖြစ်သော တိဗက်တို့ ဘာမင်အနွယ်ဝင်ထဲမှ မွန်ဂိုလိုက်လူမျိုးစုတစ်ခုဖြစ်သည်ဟု ရှေးရှေးကတည်းက အစဉ်အဆက် မှတ်သားခဲ့ကြသည်။

ရှေးမြန်မာအစဉ်အလာစကားအရ 'သက်နှင့် ရခိုင်၊ နိုင်းယှဉ်တောင်သူ၊ ပျူ၊ ကမ်းယံ၊ ယော၊ ထားဝယ်နှောက မျိုးသတ္တ'ဟု မြန်မာ ခုနစ်မျိုးရှိကြောင်း ပြဆိုခဲ့သည်။

မြန်မာ(ဗမာ) လူမျိုးတို့သည် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းလွင်ပြင်ဒေသများတွင် အစဉ်အဆက်နေထိုင်လာခဲ့ကြ AD(အေဒီ) ၁၀ ရာစုခန့်မှစ၍ ဧရာဝတီမြစ်ရိုးတစ်လျှောက် မြို့ပြကျေးရွာ တည်ထောင်နေထိုင်ခဲ့ကြသည်။ မြို့ပြများမှာ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ အမရပူရ၊ မန္တလေးတို့သည် ထင်ရှားလှ၏။

**မွန်မျိုးနွယ်စု**

ရှေးအခါက မွန်လူမျိုးတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပျူလူမျိုးတို့နှင့် ရောနှောနေထိုင်ခဲ့ကြသည့် အညာဒေသများတွင်လည်း ရမည်းသင်း(ရာမညအသင်းစု)၊ ထီးလှိုင်အစရှိသည့် မွန်ဒေသများရှိခဲ့သည်။ မွန်နှင့် ပျူတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက နီးကပ်စွာ ကူးလူးဆက်သွယ်နေခဲ့ကြသည့် မွန်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိပါသည်။ ကျိုက်ထို၊ ဘီလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များ ပါဝင်သည့် ပြည်နယ်ဖြစ်ပါသည်။

**ရခိုင်မျိုးနွယ်စု**

ရခိုင်ရာဇဝင်ကျမ်းများတွင် ရခိုင်လူမျိုးတို့သည် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ မာဂဓတိုင်းမှ ဝင်ရောက်လာကြသည်ဟု ဆိုခဲ့ကြ၏။ ရှေးဦးလူတို့ ဝင်ရောက်လာသောအခါ ရခိုင်ပြည်၌ လူမျိုးတစ်မျိုးရှိသည်။ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် မူလရှိနေသူများကို 'ရက္ခသျှ'(RAKSHAS)ဟု ခေါ်သည်။ ရခိုင်ရာဇဝင်၌ ထိုမူလရှိနေသူများကို 'ရက္ခိုသ်'ဟူ၍လည်းကောင်း၊ 'ရက္ခိုက်'ဟူ၍လည်းကောင်း တွေ့ရသည်။ မူလရှိနေသူများကို အကြောင်းပြု၍ ရှေးဦးဝင်ရောက်လာကြသူများသည် ထိုဒေသကို 'ရခိုင်ပြည်'ဟု ခေါ်ကြသည်။ ရခိုင်လူမျိုးတို့နေထိုင်ရာ စစ်တွေ၊ မြို့ဟောင်း၊ မင်းပြား၊ ကျောက်တော်၊ ကျောက်ဖြူ၊ သံတွဲအစရှိသည့် ရခိုင်ကမ်းရိုးတန်းဒေသဖြစ်ပါသည်။ ယခုအခါ ရခိုင်ပြည်နယ်ကို မောင်းတော၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်လေးခုဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည်။

**ရှမ်းမျိုးနွယ်စု**

ရှမ်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့အလယ်ပိုင်းတွင် တည်ရှိ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံများဘက်သို့ ထိုးထွက်နေသော အစိတ်အပိုင်းဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်များတွင် အကြီးဆုံးပြည်နယ်ဖြစ်ပါသည်။ ရှမ်းလူမျိုးတို့က မိမိတို့ကိုယ်ကို မိမိတို့ 'တိုင်း'ဟုခေါ်သည့် အဓိပ္ပာယ်မှာ တောက်ပခြင်းဖြစ်၏။ ရှမ်းရှမ်းတောက်ပသည်ဟု ခေါ်ဆိုကြသည့် ရှမ်းစကားလုံးမှာ တောက်ပခြင်း၊ ပြည့်ဝခြင်း၊သဘာဝအနက်အဓိပ္ပာယ်ဆောင်သည့် ရှမ်းပြည်ကို 'မိန်းတိုင်း'၊ ရှမ်းလူမျိုးကို 'ကွန်းတိုင်း'၊ ရှမ်းစကားကို 'ကွမ်းတိုင်း'ဟု ရှမ်းဘာသာဖြင့် ခေါ်သည်။

**ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ခုတည်းအောက်မှာ တစ်သွေးတည်း၊ တစ်သားတည်း သွေးသား ရင်းချာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသူ များ ဖြစ်ကြပါသည်။**

ထိုသို့ တိုင်းရင်းသားမျိုးနွယ်စုများ မှီတင်းနေထိုင်ကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဟိုးအရင်တစ်ချိန်က ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ရေရှည်ကျွန်ပြု အုပ်ချုပ်နိုင်ရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင် ဖြိုခွဲခဲ့ကြပြီး တောင်ပေါ်၊ မြေပြန့် ခွဲခြားအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးခဲ့ကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားစေရန် နိုင်ငံရေးအရ ဖိနှိပ်မှု၊ စီးပွားရေးအရ ခြယ်လှယ်မှု၊ စစ်ရေးအရ အနိုင်ကျင့်မှုများကို လုပ်ဆောင်ခဲ့ကြသည်။

ဗြိတိသျှ ကိုလိုနီနယ်ချဲ့တို့က မည်သို့ပင် သပ်လျှိုသွေးခွဲခဲ့ကြစေကာမူ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်၊ ပင်လုံဒေသမှာ ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ထိုပင်လုံစာချုပ်၏ အနှစ်သာရမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စု အသီးသီးတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ အခြေခံဖြင့် ပြည်ထောင်စု စိတ်ဓာတ် မွေးမြူခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံလွတ်လပ်ရေးကို ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်၊ မြေပြန့် မခွဲခြားဘဲ တစ်မြေတည်း၊ တစ်ရေတည်း၊ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်လုံးတည်း၊ တစ်စည်းတည်း ရယူကြရန် အဓိဋ္ဌာန်ပြုခဲ့ကြခြင်း ဖြစ်ပေသည်။

တစ်နည်းအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုးတိုင်း ကိုယ့်အမျိုးအနွယ်ကို ချစ်စိတ်ရှိသော တိုင်းရင်းသားမျိုးနွယ်စုတို့သည် မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ၊ ကောင်းတူ၊ ဆိုးဖက် ပူးပေါင်းဆောင်ရွက်လျက် နေထိုင်လိုသော ဝံသာနု ရက္ခိတတရားကို အခြေခံသည့်စိတ်ဓာတ်၊ ဗြဟ္မစိုရ်တရား လက်ကိုင်ထားကာ လူသားချင်း ကိုယ်ချင်းစာနာတတ်သော စိတ်ဓာတ်၊ တိုင်းရင်းသား အပေါင်းတို့သည် ဥမကွဲ၊ သိုက်မပျက်၊ မခွဲမခွာ၊ မကွဲမကွာ၊ ထာဝရ လက်တွဲနေထိုင်ကြမည်ဟူသော ကောင်းမြတ်သည့် စိတ်ဓာတ်များသည် ပြည်ထောင်စု စိတ်ဓာတ်ကို ညွှန်းဆိုချက်တစ်ရပ် ဖြစ်ပါသည်။

'ပင်လုံ'စိတ်ဓာတ်ဟူသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်(သို့မဟုတ်)စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်သာဖြစ်ပေသည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် လွတ်လပ်ရေး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားမျိုးနွယ်စု ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု စိတ်ဓာတ်အခြေခံဖြင့် အမျိုးသားရေးတာဝန်ကို ထာဝရ လေးလေးနက်နက် တန်ဖိုးထားကာ လက်တွဲထမ်းဆောင်ကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မိုးထက်ကို (အမရပူရ)**






## 2025 Mérida Open Akron တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၂ရက်တွင် စတင်မည်

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mérida Open Akron တင်းနစ်ပြိုင်ပွဲ လာမည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Mérida Open Akron တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်မှ မတ် ၃ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Mérida Open Akron တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ (ဝဲပုံ)

Mérida Open Akron တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ တူရကီတင်းနစ်မယ် Zey-nep Sonmez ဖြစ်သည်။ (NGB)

## ဆွန်ဟောင်မင် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စပါးအသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

တိုက်စစ်မှူး ဆွန်ဟောင်မင် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စပါးအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅–၂၀၁၆မှ ၂၀၂၄–၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၄၁ပွဲကစားပြီး ၁၇၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ဆွန်ဟောင်မင်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် စပါးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဂူရက်ဆေး ချန်ပီယံလိဂ် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့

**မြူးနစ် ဖေဖော်ဝါရီ ၁၂**

ဒေါ့မွန်အသင်းတိုက်စစ်မှူး ဂူရက်ဆေးသည် ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်သွင်းဂိုး ၁၀ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ဥရောပချန်ပီယံလိဂ် ရှုံးထွက်အဆင့်ပထမအကျော့ပွဲစဉ်အဖြစ် ဒေါ့မွန်အသင်းက စပို့တင်းလစ္စဘွန်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၁၀ဂိုးထိ ရှိလာခဲ့ခြင်း ဖြစ်သည်။ (ဝဲပုံ)

ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂူရက်ဆေးက သွင်းဂိုး ၁၀ဂိုးဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့ပြီး ၄င်းနောက်တွင် လီဝန်ဒေါစကီး သွင်းဂိုး ၉ဂိုးနှင့် ရာဖင်ဟာ သွင်းဂိုး ၈ဂိုးတို့ ရပ်တည်လျက်ရှိသည်။

ထို့ပြင် အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂူရက်ဆေးသည် ဒေါ့မွန်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ပွဲကစားပြီး ၁၉ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ပြိုင်ပွဲစုံ ၈ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ် ဒမ်ဘီလီပိုင်ဆိုင်

**ပါရီ ဖေဖော်ဝါရီ ၁၂**

ပီအက်စ်ဂျီအသင်း တောင်ပံကစားသမား ဒမ်ဘီလီသည် ပြိုင်ပွဲစုံ ၈ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဥရောပချန်ပီယံလိဂ် ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက ဘရက်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့ပြီးနောက် ယခုလို စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။



တောင်ပံကစားသမား ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ပွဲကစားပြီး ၂၃ဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဒမ်ဘီလီက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေ ဆက်လက်ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ဗာရတ်တီအား ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ကာတာကလပ် အယ်လ်အာဘီအသင်း ကွင်းလယ်ကစားသမား ဗာရတ်တီအား ခေါ်ယူရန်အပြိုင်စိတ်ဝင်စားလျက်ရှိသည်။



အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အယ်လ်အာဘီအသင်းနှင့်အတူ ၂၀၂၃–၂၀၂၄မှ ၂၀၂၄–၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ ပွဲ ကစားပြီး ၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့က အပြိုင်စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဗာရတ်တီကိုယ်တိုင်ကလည်း ဥရောပ ဘောလုံးလောကသို့ ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ (အပေါ်ပုံ)

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့အနေဖြင့် အယ်လ်အာဘီအသင်းထံမှ ဗာရတ်တီအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)

## ကိုင်လီဟာဗက်ဇ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

အာဆင်နယ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃–၂၀၂၄မှ ၂၀၂၄–၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၅ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ)

(NGB)



### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(ရှုံးထွက်အဆင့်)(ပထမအကျော့)ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄–၂–၂၀၂၅ | ဘီရန်ဘားရီ့စ် – ဝစ်တိုးရီးယားပလာဇန် | ဘီရန်ဘားရီ့စ် ၁–၃ ဝစ်တိုးရီးယားပလာဇန် | ဘီရန်ဘားရီ့စ်(အိမ်) | ၉ | ၆ | ၃ | – | ၁၅ | ၆ |
| နံနက် ၀၁:၁၅ နာရီ | (ဟန်ဂေရီ–၂) (ချက်–၂) | (၂၅–၁–၂၀၂၄ ခြေစမ်းပွဲ) | ဝစ်တိုးရီးယား(ဧည့်) | ၁၀ | ၅ | ၂ | ၃ | ၁၄ | ၁၀ |
| ။ | မစ်ဂျီလန်း – ဆိုစီဒက် | —— | မစ်ဂျီလန်း(အိမ်) | ၈ | ၇ | – | ၁ | ၁၆ | ၉ |
| | (ဒိန်းမတ်–၂) (စပိန်–၇) | | ဆိုစီဒက်(ဧည့်) | ၁၁ | ၄ | ၂ | ၅ | ၈ | ၇ |
| ။ | ယူနီယံစိန့် – အေဂျက်စ် | —— | ယူနီယံစိန့်(အိမ်) | ၁၂ | ၈ | ၃ | ၁ | ၂၂ | ၉ |
| | (ဘယ်လ်ဂျီယံ–၃) (နယ်သာလန်–၁) | | အေဂျက်စ်(ဧည့်) | ၁၁ | ၇ | ၂ | ၂ | ၂၀ | ၁၁ |
| ။ | ဗီနာဘာချီ – အန်းဒါးလက်ချ် | ဗီနာဘာချီ ၂–၀ အန်းဒါးလက်ချ် | ဗီနာဘာချီ(အိမ်) | ၁၀ | ၉ | – | ၁ | ၂၅ | ၁၀ |
| | (တူကီယဲ–၂) (ဘယ်လ်ဂျီယံ–၄) | အန်းဒါးလက်ချ် ၂–၂ ဗီနာဘာချီ | အန်းဒါးလက်ချ်(ဧည့်) | ၁၂ | ၅ | ၃ | ၄ | ၁၇ | ၁၀ |
| ၁၄–၂–၂၀၂၅ | ပေါ်တို – ရိုးမား | ပေါ်တို ၃–၁ ရိုးမား | ပေါ်တို(အိမ်) | ၁၁ | ၉ | ၂ | – | ၂၇ | ၄ |
| နံနက် ၀၂:၃၀နာရီ | (ပေါ်တူဂီ–၃) (အီတလီ–၉) | ရိုးမား ၂–၁ ပေါ်တို | ရိုးမား(ဧည့်) | ၁၂ | ၂ | ၆ | ၄ | ၁၁ | ၁၇ |
| ။ | အယ်လ်ခမာ – ဂါလာတာစာရေး | အယ်လ်ခမာ ၁–၁ ဂါလာတာစာရေး | အယ်လ်ခမာ(အိမ်) | ၁၁ | ၆ | ၁ | ၄ | ၂၂ | ၁၂ |
| | (နယ်သာလန်–၄) (တူကီယဲ–၁) | (၂၉–၁၁–၂၀၂၄ ယူရိုပါလိဂ်အမှတ်ပေးပွဲအဆင့်) | ဂါလာတာစာရေး(ဧည့်) | ၁၀ | ၉ | ၁ | – | ၂၆ | ၈ |
| ။ | PAOK – FCSB | PAOK ၀–၁ FCSB | PAOK(အိမ်) | ၁၁ | ၄ | ၂ | ၅ | ၁၆ | ၁၄ |
| | (ဂရိ–၄) (ရိုမေးနီးယား–၁) | (၄–၁၀–၂၀၂၄ ယူရိုပါလိဂ်အမှတ်ပေးပွဲအဆင့်) | FCSB(ဧည့်) | ၁၃ | ၆ | ၅ | ၂ | ၁၈ | ၁၁ |
| ။ | တွမ်တီး – ဘိုဒို | —— | တွမ်တီး(အိမ်) | ၉ | ၆ | ၃ | – | ၂၃ | ၈ |
| | (နယ်သာလန်–၆) (နော်ဝေ–၁) | | ဘိုဒို(ဧည့်) | ၁၅ | ၈ | ၄ | ၃ | ၂၇ | ၁၆ |

### ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ(ရှုံးထွက်အဆင့်)(ပထမအကျော့)ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄–၂–၂၀၂၅ | ဆဲလ်ဂျီ – အေပိုးလ် | —— | ဆဲလ်ဂျီ(အိမ်) | ၁၁ | ၆ | ၁ | ၄ | ၂၀ | ၁၉ |
| နံနက် ၀၀:၁၅ နာရီ | (ဆလိုဗေးနီးယား–၅) (ဆိုက်ပရပ်စ်–၅) | | အေပိုးလ်(ဧည့်) | ၁၁ | ၃ | ၆ | ၂ | ၂၀ | ၁၁ |
| ။ | TSC – ဂျာဂီယောလိုနီကာ | —— | TSC(အိမ်) | ၁၁ | ၄ | ၁ | ၆ | ၁၆ | ၁၅ |
| | (ဆားဘီးယား–၉) (ပိုလန်–၂) | | ဂျာဂီယောလိုနီကာ(ဧည့်) | ၁၀ | ၅ | ၂ | ၃ | ၁၅ | ၁၅ |
| ။ | ရေဂျာဝစ် – ပနာသီနာကို့စ် | —— | ရေဂျာဝစ်(အိမ်) | ၁၁ | ၈ | ၂ | ၁ | ၃၀ | ၁၃ |
| | (အိုက်စလန်–၁) (ဂရိ–၃) | | ပနာသီနာကို့စ်(ဧည့်) | ၁၁ | ၅ | ၄ | ၂ | ၁၁ | ၁၀ |
| ။ | မိုလ်ဒီ – ရှမ်းရောဗိုတာ | မိုလ်ဒီ ၃–၀ ရှမ်းရောဗိုတာ | မိုလ်ဒီ(အိမ်) | ၁၅ | ၈ | ၃ | ၄ | ၃၉ | ၂၃ |
| | (နော်ဝေ–၅) (အိုင်ယာလန်–၂) | ရှမ်းရောဗိုတာ ၀–၂ မိုလ်ဒီ | ရှမ်းရောဗိုတာ(ဧည့်) | ၁၈ | ၈ | ၄ | ၆ | ၂၀ | ၁၇ |
| ၁၄–၂–၂၀၂၅ | ဂျန့် – ဘက်တစ် | —— | ဂျန့်(အိမ်) | ၁၂ | ၆ | ၃ | ၃ | ၂၂ | ၁၁ |
| နံနက် ၀၂:၃၀ နာရီ | (ဘယ်လ်ဂျီယံ–၆) (စပိန်–၁၁) | | ဘက်တစ်(ဧည့်) | ၁၂ | ၃ | ၃ | ၆ | ၁၁ | ၁၇ |
| ။ | ကိုပင်ဟေဂင် – ဟိုင်ဒင်ဟိမ်း | —— | ကိုပင်ဟေဂင်(အိမ်) | ၉ | ၆ | ၃ | – | ၂၀ | ၁၀ |
| | (ဒိန်းမတ်–၁) (ဂျာမနီ–၁၆) | | ဟိုင်ဒင်ဟိမ်း(ဧည့်) | ၁၁ | ၂ | ၁ | ၈ | ၁၆ | ၂၅ |
| ။ | အိုမိုနီးယား – ပါဖိုစ် | ပါဖိုစ် ၀–၁ အိုမိုနီးယား | အိုမိုနီးယား(အိမ်) | ၁၁ | ၆ | ၃ | ၂ | ၁၉ | ၈ |
| | (ဆိုက်ပရပ်စ်–၄) (ဆိုက်ပရပ်စ်–၁) | (၂–၁၂–၂၀၂၄ ပြည်တွင်းအမှတ်ပေးပွဲ) | ပါဖိုစ်(ဧည့်) | ၁၁ | ၁၀ | – | ၁ | ၂၀ | ၄ |
| ။ | ဘန်ဂျာလူကာ – အိုလီပီဂျာ | အိုလီပီဂျာ ၃–၂ ဘန်ဂျာလူကာ | ဘန်ဂျာလူကာ(အိမ်) | ၉ | ၇ | – | ၂ | ၁၈ | ၃ |
| | (ဘော့စနီးယား–၂)(ဆလိုဗေးနီးယား–၁) | (၁၉–၂–၂၀၁၉ ခြေစမ်းပွဲ) | အိုလီပီဂျာ(ဧည့်) | ၁၀ | ၇ | ၃ | – | ၁၂ | ၃ |

# (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ

















# (၂၁) ကြိမ်မြောက် မြို့တော်ဝန်ဗလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ ဆုရ မှတ်တမ်းဓာတ်ပုံများ










မန္တလေးနေ့စဉ်

# (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ၌ ညနေပိုင်းတွင် ဖျော်ဖြေတင်ဆက်မှုများနှင့် စည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၌ ညနေပိုင်းဖျော်ဖြေတင်ဆက်မှုများကို မန်းစည်ပင်တေးဂီတနှင့်အတူ အဆိုတော်များက ညနေ ၃နာရီမှ ညနေ ၆နာရီထိ လာရောက်လည်ပတ်ကြည့်ရှုသူပရိသတ်အား ၇၈လမ်းနှင့် ၁၀၁လမ်းထောင့်ရှိ ဆင်ဖြူကန်ကွင်းတွင် ဖျော်ဖြေပေးခဲ့သည်။

အဆိုပါဖျော်ဖြေတင်ဆက်မှုများကို မန်းစည်ပင်တေးဂီတနှင့်အတူ အဆိုတော် ဒေါ်နှင်းနှင်းဖြူ၊ ဂျူလိုင်မိုး၊ စွမ်းရည်ထက်၊ ဂျူးနှင်းသဇင်၊ ဇူးဇူး၊ ရွှေစင်၊ ဆန်းထွန်းဦးတို့က ပရိသတ်များကို တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့သည်။

ပြည်ထောင်စုနေ့ရုံးပိတ်ရက်နှင့် တပို့တွဲလပြည့်နေ့နှင့် တိုက်ဆိုင်သောကြောင့် လာရောက်လည်ပတ်သူများနှင့် တစ်နေ့လုံး စည်ကားနေပြီး ညနေပိုင်းတွင် ပွဲဈေးတန်းနှင့် ရဟတ်စီးသူများ၊ ဆင်ဖြူကန်ကွင်းအတွင်း အလှဆင်ထားသည့် မြမာလာဥယျာဉ် မြေယာရှုခင်းအလှများကြားတွင် အလှဓာတ်ပုံ ရိုက်ကူးသူများနှင့် မုန့်ဈေးတန်းတစ်လျှောက် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်လာဧည့်သည်တော်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတွင် မန်းစည်ပင်တေးဂီတအဖွဲ့ကဖျော်ဖြေခဲ့သလို ဖေဖော်ဝါရီ ၁၃ရက်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် မန္တလေးမြို့မှ တိမ်ပန်းချီတေးဂီတအဖွဲ့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ရက်နေ့နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် မြို့မအပျော်တမ်းအဖွဲ့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေးမြို့ အနုပညာဦးစီးဌာနမှ နံနက်ပိုင်းနှင့် ညနေပိုင်းတွင်လည်းကောင်း အသီးသီးဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**









## စာစီစာကုံးနှင့် ကဗျာ အရေးပြိုင်ပွဲ ကျင်းပ



**မကွေး ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည်။

ရေးဦးစွာ ပုံပြင်ပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးကလည်းကောင်း၊ ကဗျာရေးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်ကလည်းကောင်း၊ ပန်းချီပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်ကလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ပြိုင်ပွဲကျင်းပပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲများအား မကွေးမြို့၊ ကန်သာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၀ ဦးက ဖေဖော်ဝါရီ ၇ ရက်မှ စတင်၍ ၁၁ ရက် နံနက်ပိုင်းအထိ မိမိတို့သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ယခုလိုအခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အောင်ကို(ဖန်ခါးမြေ)**

၀-၀-၀-၀-၀

၀-၀-၀

## ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ရေနံချောင်း ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ယခုနှစ်ဆောင်းရာသီ၌ ခရမ်းချဉ်ကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံများထံက သိရသည်။

ဆောင်းရာသီ၌ မိသားစုဝင်ငွေရစေရန်အတွက် ကိုင်းမြေများ၌ ခရမ်းချဉ်ပင်ကို တိုင်ထောင်စနစ်ဖြင့်လည်းကောင်း၊ တစ်ပင်နှင့်တစ်ပင် နှစ်ပေခြားစနစ်ဖြင့် မြေအောက်အငွေ့စိုရေနှင့် စိုက်ကြပြီး ခရမ်းချဉ်ပင်များ အောင်မြင်ထွန်းလျက်ရှိသည့်အပြင် ဆွတ်ခူးရောင်းချနေကြသည်။



ဒေသအတွင်းက ထွက်ရှိသည့် ခရမ်းချဉ်သီးကို မြို့မဈေးအပြင် ကျောက်ပန်းတောင်းမြို့၊ မကွေးမြို့၊ ချောက်မြို့နယ်များသို့ တင်ပို့နေသည်။

ရေနံချောင်းမြို့နယ်တွင် ဆောင်းရာသီသီးနှံအဖြစ် ခရမ်းချဉ်၊ ခရမ်းသီး၊ ဘူး၊ ဖရုံ၊ သခွား၊ ဇလပ်၊ မုန်ညင်း၊ နံနံ၊ ချဉ်ပေါင်၊ ရုံးပတီ၊ ကန်စွန်းတို့ကို အဓိကထားပြီး မြေအောက်အငွေ့စိုရေဖြင့် စိုက်ပျိုးကြရာ မိသားစုဝင်ငွေရနေကြောင်း ရေနံချောင်းမြို့နယ်မှ ဒေသခံ အမျိုးသားတစ်ဦးထံက သိရသည်။ **(ဝဲပုံ)**

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများမှ တောင်သူများအား စိုက်ပျိုးရေးအတွက် နည်းပညာပံ့ပိုးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၇၂)

# ရေအသုံးပြုမှုနည်းသော ဈေးကွက်ဝင်သီးနှံများကို ပိုမိုစိုက်ပျိုးသင့်



မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဆည်ရေသောက်ဒေသများတွင် ရေအသုံးပြုမှုနည်းသော ဈေးကွက်ဝင်သီးနှံများကို ပိုမိုစိုက်ပျိုးသင့်ကြောင်း သက်ဆိုင်ရာဌာနများ အကြံပြုထားသည်။

သို့ဖြစ်၍ နှမ်းစပါးစိုက်ပျိုးနိုင်သည့်ဒေသများတွင် စိုက်ပျိုးနိုင်သော်လည်း ဆည်ရေရရှိမှုမရှိသောဒေသများတွင် နှမ်းစပါးထက် ဈေးကွက်ဈေးကောင်းရရှိသော ဆီထွက်သီးနှံ နှမ်းနှမ်းနှင့် နေကြာပင်များကို အထူးအလေးပြုစိုက်ပျိုးသင့်ကြောင်း နှမ်းနှမ်းကို အဓိကစိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ လက်ရှိကုလားပဲ ရိတ်သိမ်းချိန်ဖြစ်ပြီး အသင့်အတင့်ထွက်ရှိကြကြောင်း တောင်သူများထံက သိရသည်။

နေကြာနှင့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲယင်း၊ ငရုတ်၊ ခရမ်းချဉ်သီးများကို နွေသီးနှံအဖြစ် အားပြုစိုက်ပျိုးသင့်ပြီး လက်ရှိဈေးကွက်တွင်လည်း ဈေးကောင်းရရှိနေသည့် သီးနှံများဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း နွေသီးနှံအဖြစ် ရက် ၉၀ စပါး၊ ရွှေသွယ်ရင်စပါးမျိုးများအပြင် နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲများကို အများဆုံးစိုက်ပျိုးပြီး ဟင်းသီးဟင်းရွက်များအနေဖြင့် ငရုတ်၊ ချဉ်ပေါင်၊ ဘူးသီး၊ သံပရာသီးများကိုလည်း ရေသွင်းစိုက်ပျိုးကြသည်။

ဆောင်းသီးနှံများတွင် ဈေးကောင်းရရှိခဲ့သလို နွေသီးနှံများကိုလည်း ရေအသုံးပြုမှုနည်းပါးသည့် ဈေးကွက်ဝင်သီးနှံများကိုစိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေသေချာစေမည် ဖြစ်သည်။

မန္တလေးဈေးကွက်တွင် နှမ်းမျိုးစုံဈေးကွက်မှာ ပစ္စည်းအဝင်နည်းသွားကာ ဈေးကောင်းရရှိနေသလို တောင်သူများအနေဖြင့် ဈေးကွက်ဈေးကောင်းပြီး ရေအသုံးပြုမှုနည်းသည့် နှမ်းသီးနှံကို အများစုစိုက်ပျိုးကြကြောင်း တောင်သူကိုရဲက ပြောပြ၍ သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

# သမဝါယမကောလိပ်(မန္တလေး)၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သမဝါယမကောလိပ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူများ၊ ထမနဲထိုးပြိုင်ပွဲကျင်းပခြင်းကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီက အဆိုပါကောလိပ်၌ ကျင်းပသည်။

ရိုးရာထမနဲထိုး ပြိုင်ပွဲသို့ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေး၊ ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်၊ ဆရာ၊ ဆရာမ အကဖြတ်ဒိုင်အဖွဲ့များက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ဘာသာရပ်အလိုက်တန်းခွဲ ၄ ခုမှ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ ဆုရရှိသည့်အဖွဲ့အား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၅)





# နှင်း

* မြေတလင်းမှာတော့
ငွေနှင်းငယ် စိန်စီ
ပုလဲနှယ် ညီ။
ထိုပန်းချီ ဖြူပါပေ့
ဝေမြူမှာ တနပ်နပ်ကယ်မို့
ဖမ်းဆုပ်ရန်မလွယ်
လေမြူဆွယ် တွဲခိုတာကြောင့်
ကပိုကရို တိမ်စိုင်လည်း
မငြိမ်နိုင် ရွေ့ပါဘိတယ်လေး။
* နှင်းသူဇာငယ် အာကာဘုံဖျား
မာနထားလို့ လှအားရယ်ကြွယ်
ဘော်စလွယ်ကို ရစ်သွယ်တဲ့သူ
သရဖူနှင့် ဇမ္ဗူထိပ်ခေါင်
မြင်းမိုရ်တောင်ကို နတ်ဆောင်နှယ်ပျော်
အရုဏ်ချိန် ကျော်ပါပေါ့
နန်းတော်မှ လွင့်အောင်ကွယ်
သူရိန်မောင် မညှာထောက်ပေဘု
ရောင်နီငယ် နေခြည်တောက်လျှင်
နှင်းပျောက်ရဲ့လေး။ ။

ကဗျာဇော်ဝင်း(မဇ္ဈိမ)

တံတားနှင့် လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊
သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်းရလိမ့်။

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် စာအုပ်ပြပွဲကို နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီဂီကျော်က ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်းလူတော်များဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၂၅)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၇ ဦး တက်ရောက်ခဲ့ပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လူငယ်ရေးရာအသိပညာပေး စာအုပ်၊ စာစောင်များအား ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)



## သတင်းပဒေသာ

### အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ရန်ကြီးအောင်အားကစားခန်းမတွင်ကျင်းပရာ မြို့နယ်အားကစားနှင့်ကာယ ဦးစီးဌာန၊ တာဝန်ခံက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဌာနဆိုင်ရာ အသင်းပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယ၊ တတိယ စသည့် ဆုရရှိသည့်အသင်းများအား ဖေဖော်ဝါရီလ ၁၂ ရက် ကျရောက်မည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မီးငြိမ်းသတ်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ပြည်သူလူထုပူးပေါင်း၍ မီးလောင်မှုဖြစ်ပွားပါက ထိရောက်မြန်ဆန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို အင်ကြင်းမြိုင်ရပ်ကွက်၊ အောင်ဆန်းလမ်း၊ လမ်းအမှတ်-၃ ၌ ယမန်နေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ထိုသို့ လေ့ကျင့်ရာ မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ပြင်ဆင်တပ်ဆင် အသုံးပြုခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့တွင် စွမ်းဆောင်ရည်မြင့်မားစေရေး လေ့ကျင့်ခြင်းကိုလည်းကောင်း၊ ရေစုပ်စက်မှရေပို့ယာဉ်သို့ ရေပို့ဆောင်မှုအခြေအနေကိုလည်းကောင်း၊ ရေပန်းပိုက်အား အသုံးပြုရာတွင်ပေအပိုင်းအခြားအလိုက် ရေထွက်နှုန်းနှင့် ရေရောက်ရှိမှုအကွာအဝေးကိုလည်းကောင်း စမ်းသပ်လေ့ကျင့်ကြပြီး အဆိုပါရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်ကာ လေ့ကျင့်ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)တို့ ပူးပေါင်းမှုဖြင့် ကျောင်းသားလူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတတိုးပွားစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ရရှိစေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဌာနဆိုင်ရာရုံးများသို့(ပြန်/ဆက်)မှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်သွယ်မှ ဦးဆောင်၍ဆောင်ရွက်ခဲ့သည်။

ဝန်ထမ်းများက သုတ၊ ရသစာအုပ်ပေါင်း ၉၀ အုပ်ကို မိုင်းတုံမြို့နယ်ပညာရေးဦးစီးဌာနရှိ စာဖတ်ပရိသတ်များထံမှ ယခင်ငှားရမ်းထားသော စာအုပ်၊ စာစောင်များအပ်နှံမှုကိုလက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာမုနိဘုရားကြီးချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများနှင့် မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင် ရွှေချပူဇော်ရန် ငွေလှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ရွှေသင်္ကန်းကပ်လှူရန် လျှပ်စစ်မီးပူဇော်ရန် ငွေများနှင့် ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီး မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင်အမှတ်(၈၀)အား ရွှေချကပ်လှူပူဇော်ရန် မန္တလေးမြို့နေ ဦးဇော်ဝင်းထွန်း+ဒေါ်အေးမိစံ မိသားစု UNITEPACIFI-CCO, LTD မိသားစုက ငွေကျပ် ၅၅ သိန်း၊ ဦးဆန်းဝင်း+ဒေါ်ဝင်းမာ(ဖွဲ့ထက်စိန်ရွှေရတနာဆိုင်)မိသားစုတို့က ငွေကျပ် ၅၅ သိန်း၊ ဒေါ်ဘေဘီသန်းမှ မဟာမုနိဘုရားအားချိတ်ဆွဲရန် အလေးချိန် ၂ ကျပ် ၂ ပဲ ၅ ရွေး ရှိ ရွှေဆွဲကြိုး ၁ ကုံးနှင့် စိန်ဆွဲသီး ၁ ခုတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01713010001 2259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့်ဖုန်း 09-44 4044475၊ 09-402599913 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၀၄၅)**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင်-မန္တလေးမြို့နေ နှစ်ဖက်သော အဘိုး၊အဘွား၊မိဘ၊အစ်ကို၊အစ်မများ အမှူးထား၍ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ+အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်မြင့်မြင့်နွယ်၊ (သား)ဒေါက်တာဟိန်းသူ(မွေးနေ့) မောင်ငြိမ်းခန့်ကျော်၊ သီရိရွှေစင် ရွှေဆိုင်မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၃၀ ကို ယမန်နေ့က လှူဒါန်းရာ နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ-ဂရုတိတ်ဦးမြဝင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်စဉ်။ (ကဆ)





### ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ ပေးအပ်ခြင်း ပြုလုပ်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသလ(ဓမ္မာစရိယ BA)အရှင်မြတ်က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာ ဟောကြားချီးမြှင့်ပြီး ဖခင်ကြီး ဦးမောင်ကို၊ မိခင်ကြီး ဒေါ်တင်ညွန့်၊ သား ဦးကျော်တင့်၊ ဦးမောင်မောင်နောင်း၊ သမီးချွေးမ ဒေါ်မြင့်မြင့်မူ၊ မြေးကိုကျော်ကျော်ဦးတို့အား ရည်စူး၍ ကျွန်ရစ်သူဘဏ္ဍာမြိုင်မိသားစု၊ မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ကျပ်သိန်း ၁၁၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါ ဘဏ္ဍာမြိုင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာများ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သိရသည်။ **(၀၃၆)**



### ဇီဝိတဒါနသာသနာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်အလှူငွေ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၂**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်တော်မူခဲ့သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်း ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ အလှူရှင်ကွယ်လွန်သူမိဘများနှင့် အစ်ကို၊ အစ်မများ၊ ခင်ပွန်း ဒေါက်တာချစ်မင်းနှင့်(သားကြီး) ကိုစိုးမိုးမင်းတို့အား ရည်စူး၍ မိတ္ထီလာမြို့ မင်းရပ်နေ ဒေါ်ခင်မြင့်မင်း၊ (သား)ကို ဖြိုးသန့်မင်းမိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းကို ဆေးရုံအလှူခံဌာနတွင် ယမန်နေ့က လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံ အလှူတော်ငွေများ လှူဒါန်းလိုပါက ၆၂ လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန (၀၉-၈၉၂၉၅၃၀၈၂)နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၁)

# အညာတက္ကသိုလ်က မြန်မာစာထမနဲပွဲ

ဆလိုင်းဒေါင်းနွယ်ထွန်း

အထက်မြန်မာပြည်ရဲ့အကြီးဆုံး တက္ကသိုလ်ကြီးဖြစ်တဲ့ မန္တလေးတက္ကသိုလ်မှာ ရိုးရာပွဲတော်များဆိုလျှင် မြန်မာစာဌာနက ထိပ်ဆုံးကပင် ဖြစ်သည်။ သိပ်မကြာခင် တပို့တွဲလပြည့်တော့မည်။ ထမနဲပွဲတွေ အပြိုင်အဆိုင်ကျင်းပရင်း စည်းလုံးခြင်းကိုဖော်ဆောင်ကြတော့မည်။ ယခုနှစ်က တိုက်ဆိုင်သည်လားမသိ။ စည်းလုံးခြင်းကိုပြသတဲ့ ပြည်ထောင်စုနေ့ကြီးကလည်း တပို့တွဲလပြည့်နေ့ပင် ဖြစ်သည်။ တက္ကသိုလ်နယ်မြေများတွင် ထမနဲထိုးပွဲကို ပြိုင်ပွဲပြုလုပ်ကြရင်း စည်းလုံးချစ်ခင်မှုတို့ကို ပြသကြသည်။ အထူးပြုဘာသာရပ်တွေအချင်းချင်း ဘယ်သူဘယ်ဝါ ဘယ်ဌာနကပိုတော်သလဲ ပြိုင်ကြဆိုင်ကြသည်။ စာရေးသူတို့ မန္တလေးတက္ကသိုလ်မှာတော့ မြန်မာစာဌာနက နှစ်တိုင်းလိုလို ထမနဲပြိုင်ပွဲကို ကျင်းပလေ့ရှိသည်။

### ပြိုင်ပွဲမစခင်ပြိုင်ပွဲစပြီ

စာရေးသူတို့ မြန်မာစာဌာနမှာက ထမနဲပွဲကျင်းပတော့မည်ဆိုလျှင် အဖွဲ့ဝင်များကို ကြိုတင်ခွဲပေးလေ့ရှိသည်။ အဖွဲ့တွေခွဲပြီးပြီဆိုသည်နှင့် ကိုယ့်အဖွဲ့သားအချင်းချင်း တူရာစုကြသည်။ သူငယ်ချင်းအချင်းချင်း ဖြစ်နေသည်ဆိုလျှင်ပင် ထမနဲအဖွဲ့မတူလျှင် တစ်ယောက်နှင့်တစ်ယောက် အသိမပေးကြဘဲ ကြိတ်၍ပြင်ကြဆင်ကြသည်။ မန္တလေးတက္ကသိုလ်အနီးက ဘုန်းကြီးကျောင်းတွေဆီကနေ ဒယ်အိုး၊ ဒန်အိုးများ အပြိုင်အဆိုင်ငှားကြသည်။ ဌာနမီးဖိုချောင်အတွင်းက လက်သုတ်ပဝါများ၊ ယောင်းမများ၊ အိုးခွက်ပန်းကန်များကအစ အပြိုင်အဆိုင်လုကြလေသည်။ ဤသည်ကပင် ထမနဲပွဲကြီး၏ ပျော်စရာပင်တည်း။ အဖွဲ့များကြားထဲမှာ အပြိုင်အဆိုင် မသမာမှုများလည်း ရှိကြသေးသည်။ တချို့အဖွဲ့များက ပြိုင်ပွဲအတွင်းပေးထားသည့်ပစ္စည်းများအပြင် အရန်ပစ္စည်းများကိုလည်း ဖွက်၍ထားတတ်ကြသေးသည်။ သကြား၊ အုန်းသီး၊ ဆီ စသည်တို့ကို လွယ်အိတ်တွေထဲဖွက်ထားကြပြီး ပြိုင်ပွဲနေ့ရောက်မှပင် ဖွက်၍ ထည့်ကြသည်များရှိတတ်သေးသည်။ ဆရာ၊ ဆရာမများ အနားရောက်လို့မိလျှင် ပြုံးစိစိနဲ့ "ဟဲဟဲဆရာမ မထည့်တော့ဘူး မမြင်ချင်ယောင်ဆောင်နော်" ဟု ပြောကြသည်ကလည်း တက္ကသိုလ်ကပျော်စရာတွေထဲက တချို့ပင်။ ပြိုင်ပွဲမစခင် တစ်ယောက်နှင့်တစ်ယောက်လမ်းတွေ့လျှင်ပင် ထမနဲကိစ္စကို ဘယ်လိုဘယ်လိုပြင်ကြဆင်ကြနေပြီဖြစ်ကြောင်းကိုသိချင်၍ စကားနှိုက်တတ်ကြသေးသည်။ ပြိုင်ပွဲမစခင်ကပင် ပြိုင်ပွဲစနေကြပြီ ဖြစ်သည်။

ထမနဲပွဲစပြီဟုအချက်ပေးသည်နှင့်ပင် မီးစမွေးကြသည်။ ဆီထည့်သည်။ အုန်းသီးကြော်သည်။ ထို့နောက် အုန်းသီးဖက်ဆယ်၍ ဂျင်းဆီသတ်သည်။ ထို့နောက် ရေစိမ်ထားသောကောက်ညှင်းထည့်ကြသည်။ ငှက်ပျောရွက်ဖြင့်အုပ်ပြီးပြီဆိုလျှင် တကယ့်ပြိုင်ပွဲစတင်ပြီ ဖြစ်သည်။ အဖွဲ့တိုင်း အပြိုင်အဆိုင် သံချပ်ထိုးကြသည်။ စကားရည်လုကြသည်။

### အပြိုင်အဆိုင်သံချပ်ထိုးပြိုင်

မန္တလေးတက္ကသိုလ် မြန်မာစာဌာနရဲ့ ထမနဲပွဲတွေမှာက ကျောင်းသား၊ ကျောင်းသူတွေတင်မကဘဲ အဖွဲ့တွေထဲမှာ ကထိက၊ လက်ထောက်ကထိကများပါ ပါဝင်ရသည်။ ဆရာ၊ ဆရာမများကိုယ်တိုင် တက်တက်ကြွကြွပါဝင်၍ အစည်းအဝေးတွေပြုလုပ်ကြလေသည်။ ပြိုင်ပွဲနေ့ဆိုလျှင် တခြားဘာသာရပ်များက ကျောင်းသား၊ ကျောင်းသူများကပါ လာရောက်ကြည့်ရှုကြသည်။ ထမနဲပွဲစပြီဟု အချက်ပေးသည်နှင့်ပင် မီးစမွေးကြသည်။ ဆီထည့်သည်။ အုန်းသီးကြော်သည်။ ထို့နောက် အုန်းသီးဖက်ဆယ်၍ ဂျင်းဆီသတ်သည်။ ထို့နောက် ရေစိမ်ထားသောကောက်ညှင်းထည့်ကြသည်။ ငှက်ပျောရွက်ဖြင့်အုပ်ပြီးပြီဆိုလျှင် တကယ့်ပြိုင်ပွဲစတင်ပြီ ဖြစ်သည်။ အဖွဲ့တိုင်း အပြိုင်အဆိုင် သံချပ်ထိုးကြသည်။ စကားရည်လုကြသည်။ မိန်းမသားများက မီးထည့် ယပ်ခတ်၊ ယောကျ်ားလေးများက ယောင်းမကိုယ်စီကိုင် မွှေကြ အော်ကြနှင့် အဖွဲ့တိုင်းက စည်းလုံးမှုကိုယ်စီ။ ကိုယ့်ထမနဲအိုးထိုးနေကြရင်းပင် တခြားသူများရဲ့ ထမနဲကို သွားကြည့်ရင်း လှောင်ကြပြောင်ကြပြန်သေးသည်။ "ငါတို့ထမနဲက အရောင်လေးလည်းလှတယ်။ အနံ့လေးလည်းမွှေးတယ်။" "ထမနဲမဟုတ်ဘူး သူတို့ကကောက်ညှင်းပေါင်းကြီးဟေ့" စသည်ဖြင့်အပြိုင်အဆိုင် ချွေးတလုံးလုံးဖြင့်ထိုးကြပြီးနောက် ထမနဲပုံစံပေါ်သည်နှင့် မြေပဲဆန်နှမ်းထောင်းများထည့်ပြီးလျှင် အိုးများဆီကမွှေးပျံ့သောရနံ့များရနေကြပြီဖြစ်သည်။ ထမနဲရသည်နှင့် မိန်းကလေးများက ထမနဲဗန်းကို ဒိုင်တွေဆီပို့ရန် ပြင်ကြဆင်ကြပြီ ဖြစ်သည်။ နီးဗန်းလေးများပေါ်တွင် ငှက်ပျောရွက်ခင်း၍ ထမနဲကိုတင်သည်။ ပန်းများဖြင့် အလှဆင်ကြသည်။ တချို့ဆိုလျှင် ဆိတ်သားခြောက်ဖုတ်များ၊ ငါးရံ့ခြောက်ဖုတ်များကိုပါ ထည့်ကြသေးသည်။ ထည့်နေရင်းပင် တခြားအဖွဲ့များဆီ မျက်ဆံပစ်ရင်း" တွေ့လားငါတို့က ငါးရံ့ခြောက်ဖုတ်ပါတယ်" ဟူသောအကြည့်နှင့်ကြည့်ကာ သရော်ကြသေးသည်။

ထမနဲအဖွဲ့တိုင်း၏ ကြိုးစားမှုရလဒ်သည် ထမနဲပွဲလေးများပေါ်ထွက်အတိုင်းသားမြင်ရသည်။ အပြိုင်အဆိုင် လှကြသည်။ အပြိုင်အဆိုင်ကောင်းကြသည်။ ဒိုင်တွေမြည်းစမ်းကြည့်နေချိန်များတွင်လည်း တစ်ဖက်နှင့်တစ်ဖက်သံချပ်များ အပြိုင်အဆိုင်တိုင်ပြီးအနိုင်လုကြလေသည်။ ပွဲရလဒ်များ ကြေညာပြီးသောအခါတွင်လည်း ပွဲကမပြီးပေ။ တစ်လလောက်ကြာသည်အထိ ဘယ်အဖွဲ့က ဘာလို့အမှတ်များတာ။ ဘယ်အဖွဲ့ကတော့ဖြင့် မီးခိုးနံ့ကြီးနဲ့ဆုရတာ စသည်ဖြင့် မပြီးနိုင်သည်ကပင် ပျော်စရာ။ မပြိုင်ခင်သာမက ပြိုင်ပြီးသည်အထိ မပြီးသောပွဲသည် မန္တလေးတက္ကသိုလ်မြန်မာစာဌာန၏ ထမနဲပွဲပင် ဖြစ်သည်။ ယခုနှစ် ပြိုင်ပွဲကိုလည်း ကျင်းပမည်ဟု ဆိုသည်နှင့်ပင် အဖွဲ့အားလုံး အပြိုင်အဆိုင် ကြိုးစားနေကြပြီဖြစ်သည်။ စာရေးသူကိုယ်တိုင်ပင် ထမနဲပွဲအတွက် အဆင်သင့်ဖြစ်နေလေပြီ။

### မန်းရွှေမြန်မာစာထမနဲအဖွဲ့

စာရေးသူတို့ ယခုနှစ်အတွက် ပြိုင်ပွဲဝင်မည့်အဖွဲ့နာမည်က မန်းရွှေမြန်မာစာထမနဲအဖွဲ့ဖြစ်သည်။ ကထိကများကိုယ်တိုင်ကြီးမှူးပြီးနောက် အစည်းအဝေးများစွာလုပ်ဆောင်ထားသော အဖွဲ့ဖြစ်သည်။ ဘုန်းကြီးကျောင်းများဆီက အိုးခွက်ပန်းကန်၊ ဒယ်အိုးများငှားရင်း ကြိုပြင်ဆင်နေသောအဖွဲ့ဖြစ်သည်။ ငါးရံ့ခြောက်ဖုတ် ဒကာခံမည့်သူရှိသော အဖွဲ့ဖြစ်သည်။ အနိုင်ယူကြမည့်အဖွဲ့ ဖြစ်သည်။ အထက်



မြန်မာပြည်ရွှေညာကျေးက မန္တလေးတက္ကသိုလ်ရဲ့ အမှတ်တရတွေက ဆောင်းအကုန်နွေအကူး လေရူးတိုက်ချိန်များတွင် ပိုကြလေသည်။ ထမနဲပွဲကယခုလိုကာလတွင် ကျင်းပကြမြဲဖြစ်သည်။ စာမေးပွဲမတိုင်ခင်ကာလရဲ့ နောက်ဆုံး ကျင်းပတဲ့ပွဲ ဖြစ်သည်။

အနှစ်တစ်ရာပြည့်တော့မည့် မန္တလေးတက္ကသိုလ်ကြီးရဲ့ ရာပြည့်ထမနဲပွဲဟုဆိုရမည့်ပွဲလည်း ဖြစ်သည်။ လာပါလှည့် ထိုးပါလှည့် တက္ကသိုလ်ကျောင်းသားများရဲ့ ထမနဲ။

**မန်းရွှေမြန်မာစာထမနဲအဖွဲ့သံချပ်**

**ချမ်းအေးလှတဲ့ ရာသီခါ---**
**တပို့တွဲမှာ ထိုးကြထမနဲ။**
**ပွဲကျင်းပတာတို့မြန်မာ---**
**ရိုးရာဓလေ့ထိန်းပါအမြဲ။**
**မြန်မာစာက လုပ်တဲ့ပွဲ---**
**နွှဲကြပျော်ကြ ရိုးရာပွဲ။**
**သကြားဆားနဲ့ အရသာ---**
**အချိုးညီအောင် ကြည့်ထည့်ကြဦး။**
**အားကောင်းမောင်းသန် ယောကျ်ားတွေ---**
**မွှေကြပါဟ အားနဲ့ အားနဲ့။**
**စွဲရှိရှိနဲ့ ထိုးရင်းပင်---**
**ပုံပေါ်လာတဲ့ တို့ရဲ့ထမနဲ။**
**အရသာလေး ကောင်းမွှန်မွှန်**
**မန်းရွှေမြန်မာစာ အဖွဲ့ရဲ့ ထမနဲ။**
**သေသေချာချာ ထိုးကြပါ---**
**ကြံ့ချောင်းမပါအောင် ဂရုစိုက်ကြဦး။**
**အုန်းနံ့မွှေးမွှေး အရသာ---**
**လာပါ စားပါ တို့ရဲ့ထမနဲ။**
**နူးညံ့ကောင်းမွှန် တို့ရဲ့ထမနဲ။**
**စည်းလုံးခြင်းကြောင့်ဖြစ်လာတာ---**
**စည်းစည်းလုံးလုံးပြိုင်ဖို့သာ**
**ဆုရခြင်းသည်အဓိက မဟုတ်ဘူး**
**စည်းလုံးညီညာအောင်ကြောင်းဖြာ**
**မန်းရွှေမြန်မာစာ အဖွဲ့ရဲ့အင်အား။**
**ဟေ့စိန်လား ဟေ့မြလား ဟေ့မြလား---**
**ဟေ့စိန်လား ဟေလား မောင်ရို့ဝါး။** ။

# အပစ်အခတ်ရပ်စဲမှုကို ဖျက်သိမ်းပစ်မည်ဟု အစ္စရေးဝန်ကြီးချုပ် နက်တန်ယာဟု သတိပေး



**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲပြန်လည်ဖြစ်ပွားနိုင်ခြင်း အပေါ် စိုးရိမ်မှုများ တဖြည်းဖြည်း ကြီးထွားလာလျက်ရှိစဉ် ဟားမတ်စ်အဖွဲ့ဘက်မှ လာမည့် ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီ မိမိတို့၏ထိန်းသိမ်းခံရသူများကို လွှတ်မပေးပါက အပစ်အခတ်ရပ်စဲမှုကို ဖျက်သိမ်းမည်ဟု ဖေဖော်ဝါရီ ၁၁ ရက်တွင် အစ္စရေးဝန်ကြီးချုပ်က သတိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘင်ဂျမင်နက်တန်ယာဟု၏ လုံခြုံရေးကော်မတီ တွေ့ဆုံစည်းဝေးပြီးနောက် ယင်းသတိပေးချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အစ္စရေးဘက်က အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်ကို ချိုးဖောက်လိုက်သည်ဟု ဟားမတ်စ်အဖွဲ့ဘက်မှ စွပ်စွဲကာ ဓားစာခံများ လွှတ်ပေးမည်ဆိုသည့်ရက်ချိန်းကို နောက်ဆုတ်လိုက်သောကြောင့် အဆိုပါအစည်းအဝေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်ကို ဆက်လက်လိုက်နာနေပြီး နောက်ထပ်အကျပ်အတည်းများ၊ နှောင့်နှေးမှုများနှင့်ပတ်သက်၍ အစ္စရေးတွင်သာတာဝန်ရှိသည်ဟု ဟားမတ်စ်အဖွဲ့ဘက်က တုံ့ပြန်ခဲ့သည်။

ထို့ပြင် ဟားမတ်စ်အဖွဲ့က သက်ဆိုင်ရာ ကြားခံအဖွဲ့များအား မိမိတို့၏တောင်းဆိုချက်များကို အစ္စရေးထံတင်ပြပေးရန် တောင်းဆိုထားကြောင်း သိရသည်။ **Mon**




# ထရမ့်၏ ဂါဇာကို သိမ်းပိုက်ရေးအကြံအစည်ကို မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများက ဝေဖန်



**ပြုံယမ်း ဖေဖော်ဝါရီ ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ဂါဇာကိုသိမ်းပိုက်ကာ ပါလက်စတိုင်းလူမျိုးများအား အခြားနေရာသို့ပြောင်းရွှေ့ရန်အဆိုပြုချက်ကို ရယ်စရာကောင်းသည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများက ဝေဖန်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုဝေဖန်ချက်သည် ဂါဇာဒေသခံများကိုဖယ်ရှားပြီး စစ်ဘေးဒဏ်ခံခဲ့ရသည့်နယ်မြေကို အရှေ့အလယ်ပိုင်း၏ အပန်းဖြေကမ်းခြေအဖြစ် အမေရိကန်ကပြောင်းလဲရန်ရည်ရွယ်ကြောင်း ထရမ့်၏ အံ့အားသင့်ဖွယ် ကြေညာချက်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

အမေရိကန်သည် ၎င်း၏ ခေတ်နောက်ကျနေသော စိတ်ကူးယဉ်မှုမှ နိုးထပြီး အခြားနိုင်ငံများနှင့် လူမျိုးများ၏ ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းကို ချက်ချင်းရပ်တန့်သင့်သည်ဟု မြောက်ကိုရီးယားအခြေစိုက် ကေစီအင်န်အေသတင်းဌာနက တိုက်တွန်းခဲ့ကြောင်း သိရသည်။ **Mon**

# အမေရိကန်အခြေစိုက် တက်စလာလျှပ်စစ်ကားကုမ္ပဏီ ရှန်ဟိုင်းမြို့တွင် အကြီးစားစက်ရုံအသစ် တည်ထောင်

**ပေကျင်း ဖေဖော်ဝါရီ ၁၂**

အမေရိကန်အခြေစိုက် တက်စလာကုမ္ပဏီသည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဒုတိယမြောက် အကြီးစားစက်ရုံအသစ် တည်ထောင်လိုက်ပြီဖြစ်ရာ မကြာမီ ထုတ်လုပ်မှုစတင်ပြီး ၎င်း၏ ပထမဆုံးဖောက်သည်များထံသို့ လျှပ်စစ်ကားများ ပို့ဆောင်ပေးတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စွမ်းအင်သိုမှီးမှုစနစ်သည် တက်စလာ၏ နောက်ဆုံးကာလအနည်းငယ်အတွင်း အောင်မြင်မှု၏ အဓိကသော့ချက်တစ်ခု ဖြစ်ခဲ့သည်။ ၎င်း၏ အဓိကလုပ်ငန်းဖြစ်သော မော်တော်ကားလုပ်ငန်းနှင့်ပတ်သက်၍ အမြတ်အစွန်းနှင့် အမြတ်ငွေနှစ်ခုစလုံး ကျဆင်းနေချိန်တွင် ၎င်း၏ စွမ်းအင်သိုမှီးမှုလုပ်ငန်းသည် အံ့သြဖွယ်နှုန်းဖြင့် တိုးတက်လာခဲ့သည်။

တက်စလာသည် အဓိကအားဖြင့် ၎င်း၏ လျှပ်စစ်ခေတ်အား အကြီးစားသိုလှောင်မှုစနစ်များကိုမြှင့်တင်ပြီး အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ အကြီးစားစက်ရုံတွင် ထုတ်လုပ်မှုတိုးမြှင့်ခဲ့သည်။

တက်စလာ၏ စွမ်းအင်သိုလှောင်မှုပမာဏများ တိုးမြှင့်လာချိန်တွင် လွန်ခဲ့သည့်တစ်နှစ်အတွင်း မဂ္ဂါပက်ဈေးနှုန်းများကို လျှော့ချခဲ့ရပြီး ထိုအချက်ကြောင့် ကုမ္ပဏီအတွက် အမြတ်ငွေနည်းပါးစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# အကောက်ခွန်များကြောင့် အလူမီနီယမ်ဘူးများ ဈေးကြီးလာလျှင် ပလတ်စတစ်ဘူးများဖြင့် ဖျော်ရည်များရောင်းချရန် လိုအပ်လာနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

သမ္မတ ဒေါ်နယ်လ်ထရမ့် ဦးဆောင်သော အာဏာပိုင်များ၏ အကောက်ခွန်များကြောင့် အလူမီနီယမ်ဘူးများ ပိုမိုဈေးကြီးလာပါက အမေရိကန်ပြည်ထောင်စုတွင် ပလတ်စတစ်ဘူးများဖြင့် ဖျော်ရည်များ ပိုမိုရောင်းချရန် လိုအပ်လာနိုင်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့်ပြုလုပ်သော ဖုန်းဆက်စကားပြောဆိုမှုတစ်ခုတွင် ကိုကာကိုလာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဂျိမ်းစ်ကွင်ဆေးက ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းအခြေအနေမှာ သမ္မတ ဒေါ်နယ်လ်ထရမ့်က အမေရိကန်သို့ဝင်ရောက်လာသော သံမဏိနှင့် အလူမီနီယမ်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အကောက်ခွန်စည်းကြပ်ရန် အမိန့်ထုတ်ပြန်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့ဖြစ်လာပါက အမေရိကန်ပြည်ထောင်စုတွင် အစားအစာနှင့် ဖျော်ရည်များ၏ ဈေးနှုန်းများမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။ လွန်ခဲ့သောနှစ်များအတွင်း ကိုကာကိုလာသည် ၎င်း၏ ဈေးကွက်ရှာဖွေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အလူမီနီယမ်ဘူးဖြင့် ထည့်သွင်းထားသောထုပ်ပိုးမှုများဖြင့် ထုတ်ကုန်များကို ပိုမိုရောင်းချခဲ့သည်။ အမေရိကန်ပြည်ထောင်စု ဘူမိဗေဒဆိုင်ရာစစ်တမ်းအရ အမေရိကန်သည် ၎င်း၏ အသုံးပြုသော အလူမီနီယမ်၏ ထက်ဝက်နီးပါးကို အခြားနိုင်ငံမှ တင်သွင်းရသောကြောင့် ၂၅ ရာခိုင်နှုန်းအကောက်ခွန်သည် ဘူးများကို ပိုမိုဈေးကြီးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**



# ဘွိုင်နီဆိုင်ရပ်စ်မြို့တော်ရှိ ဇိမ်ခံအိမ်ရာတိုက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ လူ ၁၀၀ ကျော်ကို အရေးပေါ်ရွှေ့ပြောင်း

**ဘွိုင်နီဆိုင်ရပ်စ် ဖေဖော်ဝါရီ ၁၂**

အာဂျင်တီးနားနိုင်ငံ ဘွိုင်နီဆိုင်ရပ်စ်မြို့တော်ရှိ ဇိမ်ခံအိမ်ရာတိုက်တစ်ခုတွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူ ၁၀၀ ကျော်ကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရသည်ဟု မီးသတ်ဌာနက ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မီးလောင်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း မီးခိုးများကြောင့် လူ ၄၀ ခန့်ကို ဆေးရုံတင်ပြီး ကုသပေးခဲ့ရကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သော အဆောက်အအုံသည် အထူးသီးသန့်နယ်မြေတွင်တည်ရှိကာ အထပ် ၅၀ မြင့်ပြီး မီးလောင်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **Mon**

# အီဘိုလာရောဂါ ကူးစက်ခံရသူအရေအတွက် ယူဂန်ဒါနိုင်ငံတွင် ကိုးဦးအထိ မြင့်တက်လာ

**ကမ်ပါလာ ဖေဖော်ဝါရီ ၁၂**

ယူဂန်ဒါနိုင်ငံတွင် အတည်ပြုထားသော အီဘိုလာရောဂါကူးစက်ခံရသူအရေအတွက် ကိုးဦးအထိမြင့်တက်လာပြီး လူနာတစ်ဦးသေဆုံးကြောင်း အစိုးရကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ထွက်ပေါ်လာသောထုတ်ပြန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက ကူးစက်ခံရသူများထဲမှ ခုနစ်ဦးကို မြို့တော်ကမ်ပါလာရှိ ဆေးရုံတစ်ခုတွင် ကုသပေးနေပြီး ကျန်တစ်ဦးကို ကင်ညာနယ်စပ်အနီး အရှေ့ပိုင်းမြို့တစ်မြို့ဖြစ်သော မဘာလီမြို့ရှိ ဆေးရုံတစ်ခုတွင် ကုသပေးနေသည်ဟု ဆိုသည်။

ထိုလူနာရှစ်ဦးစလုံး၏ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်နေပြီး ယင်းလူနာများ၏ ထိတွေ့မှုရှိသူ ၂၆၅ ဦးကို သီးသန့်ခွဲထားကြောင်း ဝန်ကြီးဌာနက ထပ်လောင်းအတည်ပြုသည်။



ပြင်းထန်ပြီး အသက်အန္တရာယ်စိုးရိမ်ရသော ထိုဗိုင်းရပ်စ်ပိုးကူးစက်မှုကို လွန်ခဲ့သော လကုန်ပိုင်းတွင် ယူဂန်ဒါနိုင်ငံက ကြေညာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ အီဘိုလာရောဂါလက္ခဏာများသည် ကူးစက်ပြီးနောက် နှစ်ရက်မှ ၂၁ ရက်အတွင်းပေါ်လာတတ်ပြီး၊ ဖျားခြင်း၊ ပြင်းထန်သောခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းနှင့် နှာခေါင်း၊ သွားဖုံး၊ နားနှင့် မျက်လုံးများမှသွေးယိုခြင်းတို့ပါဝင်နိုင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



ဗြိတိန်နိုင်ငံ အင်္ဂလန်ကျွန်းမြောက်ပိုင်း နော်သမ်ဘာလန်နယ် ဂူးလားမြို့ရှိ ကလေးကစားကွင်းထဲမှ မကြာသေးမီက တူးဖော်ရရှိခဲ့သည့် ဒုတိယကမ္ဘာစစ်ကျန် ဗုံးများကိုတွေ့ရစဉ်။ **Mon**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ



**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅နာရီခွဲက ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့မှ ဦးဆောင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို နံနက် ၆နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက သဝဏ်လွှာအား ဖတ်ကြားခဲ့ပြီးနောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသော ပုသိမ်ကြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခမ်းအနားတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၉၅)

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်အပေါင်းအား အလေးပြုကြပြီး ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင် ၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ရွှေဦး၊ ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဇေယျာလှိုင်၊ အတွင်းရေးမှူး ရဲမှူး ကျော်စိုးမိုးတို့က (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ၊ ပန်းချီပြိုင်ပွဲနှင့် အထက်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အ.ထ.က(၁)ကျောင်းသား၊ ကျောင်းသူလေးများက ထာဝရမြန်မာ တေးသီချင်း၊ အ.ထ.က (မြို့မ) ကျောင်းသား၊ ကျောင်းသူလေးများက ဂျိန်းဖောတေးသီချင်းများဖြင့် သရုပ်ဖော်ကပြဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာသူများအား ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

အောင်ပိုင်ပိုင်ကျော်

**အောင်လံ ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အောင်လံမြို့ ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့နှင့် ဧည့်ပရိတ်သတ်များမှ နိုင်ငံတော်အလံအား အလေးပြုကြပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဖတ်ကြားပေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့ပေါ်(၉)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**မျိုးသိန်း(မြန်/ဆက်)**

**မတ္တရာ ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နံနက် ၅နာရီခွဲတွင် နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပခဲ့သည်။ ထို့နောက် နံနက် ၇နာရီတွင် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၅ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်မှ ဖတ်ကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

**မြစ်သား ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်မှ ဖတ်ကြားခဲ့သည်။ ဆက်လက်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆောင်းပါးပြိုင်ပွဲများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ပန်းချီ ပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများတွင် ဆုရရှိသောဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ ဆရာမများ၊ ဆုရရှိသောကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ စုစုပေါင်းအင်အား ၂၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝါဝါမြင့်(မြန်/ဆက်)**

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြို့နယ်ခန်းမတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က ၂၀၂၅ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အလံ အလေးပြုခြင်းနှင့်သဝဏ်လွှာဖတ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသူများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသောခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအား အလေးပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်မှ ဖတ်ကြားခဲ့ပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကျင်းပခဲ့သော အားကစားပြိုင်ပွဲများတွင် ဆုရခဲ့သည့် အားကစားသမားများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ကျောင်းတွင်း နေ့လယ်စာအာဟာရကျွေးမွေးခြင်း ဆောင်ရွက်



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ KG ကျောင်းသား၊ ကျောင်းသူများအား တတိယအကြိမ်ကျောင်းတွင်း နေ့လယ်စာအာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။

ကျောင်းတွင်းအာဟာရ ကျွေးမွေးရာသို့ တောင်တွင်းကြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ကျော်ဇင်ညွန့်၊ မြို့နယ်ပညာရေးမှူးရုံး၊ ဒုတိယဦးစီးမှူး ဦးဇင်မင်းထက်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီဝင်များ၊ တာဝန်ရှိသူများက အခြေခံပညာ ကျောင်း (၂၅၃)ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၁၈၃ ဦးတို့အား အသားခတ်၊ ကစီခတ်၊ အဆီခတ်၊ ဗီတာမင်ခတ်၊ သတ္တုခတ်၊ ရေခတ် စသည့် အာဟာရခတ်များ ပြည့်စုံကြွယ်ဝသည့် နေ့လယ်စာ အာဟာရ စနစ်တကျကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ကျောင်းတွင်းနေ့လယ်စာအာဟာရကျွေးမွေးခြင်းကို တောင်တွင်းကြီးမြို့နယ်အတွင်း ပထမအကြိမ်အဖြစ် ဇန်နဝါရီ ၂၈ ရက်၊ ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၅ရက်က ပြုလုပ်ခဲ့ပြီး ယခုတတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင် (မိဿနိုးမြေ)**



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့် ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က ဖတ်ကြားပြီး၊ အထိမ်းအမှတ်ပြုလုပ်သည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၂၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၆)

*-*-*-*-*

*-*-*-*-*-*

# လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် လူငယ်စကားဝိုင်း ကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့် စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်းပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ ရရှိလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သင်းသင်းဝေ (ဒုတိယဦးစီးမှူး)က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအလယ်တန်း(တမာပင်)မှ ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် Grade-9 ကျောင်းသူ မနွေးနွေးလှိုင်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade-9 ကျောင်းသား စိုင်းဝင်းလှိုင်က လူငယ်နှင့်ကြီးပွားရေး၊ Grade-9 ကျောင်းသူ ပန်းရနံ့ချယ်က လူငယ်နှင့် ကျန်းမာရေး၊ Grade-9 ကျောင်းသား မောင်ထက်ဘုန်းပြည့်က လူငယ်နှင့်ပညာရေး၊ Grade-9 ကျောင်းသူ မပြည့်ဖြိုးခိုင်က လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုးခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကလည်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

(၄၆၅)



# ကြက်သွန်နီအသစ်ပေါ်၊ အရောင်းအဝယ်ကောင်း

**ရေနံချောင်း ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီများ အသစ်ပေါ်နေပြီဖြစ်ရာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း တောင်သူများထံက သိရသည်။

ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို ဆောင်းသီးနှံဉစိုက်ကြက်သွန်နီများ၊ အဝယ်လိုက်နေကြောင်း လက်ရှိကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၊ ၂၃၀၀၊ ၂၀၀၀၊ ၁၈၀၀ ရောင်းချရကြောင်း တောင်သူတစ်ဦးထံက သိရသည်။



ဈေးကွက်တွင် ပွဲစားများနှင့် လက်လီရောင်းချသည့် ဈေးသည်များက ဝယ်ယူသည့်အပြင် အသစ်ပေါ်ချိန်ဖြစ်၍ အရောင်းအဝယ်ကောင်းမွန်နေသည်။ တောင်သူများ စားဖိုဆောင်ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(ဝဲပုံ)

(၄၇၂)

*-*-*-*-*

*-*-*-*-*-*

# မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဝန်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပင်လုံ ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဝန်းအတွင်း၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက စုပေါင်းသန့်ရှင်းရေးကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများပူးပေါင်း၍ (၁၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပနိုင်ရေးအတွက် စေတီတော်ဝန်းအတွင်း၊ အပြင်၌ သောက်တော်ရေချမ်းများ၊ ဘုရားပန်းများ၊ သစ်သီးများ လဲလှယ်ကပ်လှူခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ကြမ်းခင်းများ ဆေးကြောခြင်းနှင့် အမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

စာမျက်နှာ ၅ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားစဉ်။

---

## ချန်ပီယံလိဂ် Play-offs ပွဲစဉ်တွင် ပီအက်စ်ဂျီ၊ ဂျူပင်တပ်၊ ရီးယဲလ်မက်ဒရစ်နဲ့ ဒေါ့မွန်တို့ အနိုင်ရရှိ

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် Play-offs ပွဲစဉ်တွေမှာ ပီအက်စ်ဂျီအသင်း၊ ဂျူဗင်တပ်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ဟာ ပြိုင်ဘက်အသင်း အသီးသီးကို အနိုင်ရရှိခဲ့ပါတယ်။



မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပီအက်စ်ဂျီအသင်းဟာ ဘရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းက သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ရာမှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲ ကစားချိန် ၂၁ မိနစ်မှာ ဗီတင်ဟာက ပင်နယ်တီကနေ တစ်ဂိုး၊ ၄၅ မိနစ်နဲ့ ၆၆ မိနစ်တို့မှာ ဒမ်ဘီလီက နှစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းနဲ့ ပီအက်စ်ဗီအသင်းတို့ပွဲစဉ်မှာတော့ ဂျူဗင်တပ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးတွေကို ၃၄ မိနစ်မှာ မက်ကင်နီက တစ်ဂိုး၊ ၈၂ မိနစ်မှာ အမ်ဘန်ဂူလာက တစ်ဂိုးသွင်းယူပေးခဲ့ကာ ပီအက်စ်ဗီအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၅၆ မိနစ်မှာ ပါရီဆစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်မှာတော့ မန်စီးတီးအသင်းဟာ ပထမပိုင်း ပွဲကစားချိန် ၁၉ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းရဲ့ သွင်းဂိုးနဲ့ ဦးဆောင် ဂိုး စတင်ရရှိခဲ့ပေမယ့် ရီးယဲလ် မက်ဒရစ်အသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဟာလန်းက သွင်းယူပေးခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ အမ်ဘာတ်ပီ၊ ဘရာဟင်ဒိုင်ယက်ဇ်နဲ့ ဘယ်လင်ဂမ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စပို့တင်းအသင်းနဲ့ ဒေါ့မွန်အသင်းတို့ ပွဲစဉ်မှာတော့ ဒေါ့မွန်အသင်းက သုံးဂိုးပြတ်အနိုင်ရရှိခဲ့လို့ အဝေးကွင်းမှာ နိုင်ပွဲရရှိခဲ့တာကြောင့် နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိရေး နီးစပ်လာခဲ့ပြီ ဖြစ်ပါတယ်။

ငွေကြယ်

ဝ-ဝ-ဝ-ဝ-ဝ